**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

### မကောင်းမှုကို ဘယ်သောအခါမျှမပြု

မကောင်းမှုပြုသူသည် ယခုဘဝ၊ တမလွန်ဘဝ နှစ်ခုစလုံး၌ စိုးရိမ်ပူပန်၊ မိမိပြုသောမကောင်းမှုကံကို နောက်မှလိုက်နေသော အရိပ်ပမာ သိမြင်နေသောကြောင့်လည်း ဆက်၍ဆက်၍သာလျှင် စိုးရိမ်ပူပန်ကာ ဆင်းရဲရ၏။ မကောင်းမှုကံ၏ အကျိုးပေးမှုကြီးမားလှပုံကို သိသဖြင့် ပညာရှိသူတော်ကောင်းတို့သည် မကောင်းမှုဒုစရိုက်များကို ဘယ်သောအခါမျှ မပြုကြ။ အသက်နှင့်လဲပြီး ရှောင်ရှားကြ၏။ **ယမကဝဂ်(ဓမ္မပဒ - ၁၅)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၀၃)

# မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်ပြီး ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြမှသာ ပြည်သူလူထုပါဝင်သောငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

**ကြေညာချက်အမှတ် (၁/၂၀၁၇)**

**၁၃၇၈ ခုနှစ် ၊ ပြာသိုလဆန်း ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

**"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနငြိမ်းချမ်းရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းနိုင်ရေး"**

၁။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေကို နိုင်ငံတော်က စနစ်တကျဖြင့် ကျခံသုံးစွဲလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျခံသုံးစွဲရာ၌ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရုံသာမက ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျယ်ပြန့်လှသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် လိုအပ်သော ရန်ပုံငွေများရရှိရေး၊ ရရှိလာသော ရန်ပုံငွေများကို မျှတညီညွတ်စွာခွဲဝေပေးနိုင်ရေး၊ ရန်ပုံငွေများသုံးစွဲရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်ရေးတို့မှာ *စာမျက်နှာ ၃ ကော်လံ ၄* ✻

# (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ



**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

"ကချင်ပြည်နယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် သဘာဝအလှတရားတွေကို မခံစားနိုင်။ သယံဇာတတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက် မသုံးနိုင်ဘဲဖြစ်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောကြားသည်။

မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သည့် (၆၉) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာဖတ်ကြားပေးရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"ကချင်ပြည်နယ် အပါအဝင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး ရရှိဖို့အတွက် *စာမျက်နှာ ၃ ကော်လံ ၆* ◆

**ပညာ့အလင်းရောင်ထွန်းလင်းလာမည့် တောင်ကုတ်ဒီဂရီကောလိပ်**

စာမျက်နှာ-၈

**အင်းလေးကန်စိမ်းလန်းစိုပြည်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်**

စာမျက်နှာ-၁၁



မြန်မာ့အလင်း

# ကွန်ပျူတာစနစ်သုံး အမျိုးသားမှတ်ပုံတင်စနစ်

အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနက လက်ရှိ လက်ရေးစနစ်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအစား ကွန်ပျူတာစနစ်ဖြင့် **National Electronic ID** ပြုလုပ်ရန် စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဤသည်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား နိုင်ငံတကာ စမတ်ကတ်ပုံစံပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါ စမတ်ကတ်များတွင် ပညာရေးနှင့်ကျန်းမာရေးကဲ့သို့သော အချက် အလက်များကိုပါ ထည့်သွင်းမည်ဟု သိရှိရပါသည်။ ယေဘုယျသဘော ခြုံငုံသုံးသပ်ပါက နိုင်ငံတော်အတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွန်ပျူတာစနစ်ဖြင့် **National Electronic ID** အဖြစ် အကောင်အထည်ဖော်နိုင်ပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပါသည်။ ဦးစွာတင်ပြလိုသည်မှာ ဤ **National Electronic ID** များသည် ရာဇဝတ်မှုများအပါအဝင် စုံစမ်းစစ်ဆေးရေးကိစ္စရပ်များ၌ ထိထိရောက်ရောက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလသည် ကမ္ဘာ့နိုင်ငံအနှံ့ အကြမ်းဖက်တိုက်ခိုက်မှုများ ပျံ့နှံ့နေချိန်ဖြစ်၍ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် **National Electronic ID** စနစ်သည် များစွာအသုံးဝင်မည်ဖြစ်ပါသည်။ **National Electronic ID** စနစ်၌ လက်ဗွေစိစစ်ခြင်းကဲ့သို့သော လုပ်ငန်းမျိုးကို အချိန်တိုအတွင်းစနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**National Electronic ID** စနစ်၏ တခြားသော အားသာချက်တစ်ရပ်မှာ မဲဆန္ဒရှင်စာရင်းကို စနစ်တကျပြုစုနိုင်ခြင်းဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံသည် နိုင်ငံလုံးဆိုင်ရာ မှတ်ပုံတင်အချက်အလက်အာဏာပိုင်အဖွဲ့ **(The National Database Registration Authority- NADRA)** မှတစ်ဆင့် ကွန်ပျူတာစနစ်သုံး မဲဆန္ဒရှင်စာရင်းကို ပြုစုထားပါသည်။ အဆိုပါအာဏာပိုင်အဖွဲ့သည် မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်း၏ မှတ်ပုံတင်အချက်အလက်များနှင့် ယှဉ်တွဲလျက်သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူ၏ လက်ဗွေနှင့် မျက်လုံးကဲ့သို့သော ဇီဝအချက်အလက်များအား ဒစ်ဂျစ်တယ်ဓာတ်ပုံနှင့်အတူ သိမ်းဆည်းထားပါသည်။ ဤကဲ့သို့ သိမ်းဆည်းရာ၌ ကွန်ပျူတာစနစ်သုံး သိမ်းဆည်းထားခြင်းဖြစ်၍ လိုအပ်သောအချက်အလက်ကို အလွယ်တကူရှာဖွေနိုင်ပါသည်။ ပါကစ္စတန်နိုင်ငံ၌ မဲဆန္ဒရှင်ပြည်သူများက လက်ကိုင်တယ်လီဖုန်းတွင် မိမိ၏ အမျိုးသားမှတ်ပုံတင်အမှတ် ရိုက်ထည့်လိုက်သည်နှင့်တစ်ပြိုင်တည်း ကွန်ပျူတာစနစ်က မည်သည့်မဲဆန္ဒနယ်တွင် မဲဆန္ဒပေးရမည်ကို ပြန်ကြားပေးပါသည်။ တိကျသော မဲဆန္ဒရှင်စာရင်းပြုစုရေးအတွက် ဤစနစ်ကမည်မျှအထောက်အကူဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပါသည်။

ပါကစ္စတန်နိုင်ငံ၌ နိုင်ငံလုံးဆိုင်ရာ မှတ်ပုံတင်အချက်အလက်အာဏာပိုင်အဖွဲ့ **(NADRA)** ကို သီးခြားလွတ်လပ်သော အာဏာပိုင်အဖွဲ့အဖြစ် ဖွဲ့စည်းထားရှိခြင်းဖြစ်ပါသည်။ နိုင်ငံလုံးဆိုင်ရာ မှတ်ပုံတင်အချက်အလက်အာဏာပိုင်အဖွဲ့အပေါ် ပြင်ပအာဏာပိုင် အဖွဲ့အစည်း လူပုဂ္ဂိုလ်တို့၏ ဩဇာအာဏာလွှမ်းမိုးခြင်း ကင်းရှင်းမှသာ ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို မှန်မှန်ကန်ကန်ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟူသော အယူအဆကို အခြေခံလျက် ဤကဲ့သို့ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်သူလူထုက ယုံကြည်ကိုးစားသော ပုဂ္ဂိုလ်များဖြင့် ဤကဲ့သို့သော မှတ်ပုံတင်ဆိုင်ရာအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းကို လေ့လာသုံးသပ်ပါရန် လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။




## အင်းတော်မြို့နယ် နားရခေါင်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ရေလှောင်ကန် အက်ကွဲသွားမှုကို သက်ဆိုင်ရာကုမ္ပဏီက ပြန်လည်တည်ဆောက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့အလင်းသတင်းစာ ဇန်နဝါရီ ၁၀ ရက် ထုတ်မှ စာမျက်နှာ(၂)တွင် "အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန်ထရိုက်ပေး၍ဆောက်လုပ်ခဲ့သော ရေလှောင်ကန် (၁၃)လခန့်သာခံ" ခေါင်းစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စု နားရခေါင်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ တစ်ရွာလုံးအတွက် ဖြန့်ဖြူးပေးနေသော ရေလှောင်ကန်သည် ဇန်နဝါရီ ၉ ရက် နံနက်က ကွဲအက်သွားခဲ့ရာ တည်ဆောက်ပြီးစီးမှုကာလ ၁၃ လခန့်မျှသာရှိသေးကြောင်း သိရှိရသည်ဟု ဖော်ပြပါရှိခဲ့သည်။

အဆိုပါသတင်းတွင် ဖော်ပြပါရှိသော ရေလှောင်ကန်သည် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် ရွှေကြယ်ငွေကြယ် ကုမ္ပဏီကို ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းဆောက်လုပ်စေခဲ့သည့် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းမှ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။

အဆိုပါရေလှောင်ကန် ဂါလန် ၅၀၀၀ ဆံ့ကို ငွေကျပ် ၃ ဒသမ ၅ သန်း အကုန်အကျခံ၍ ကုမ္ပဏီက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရွှေကြယ်ငွေကြယ်ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်အရ ရေလှောင်ကန်ပျက်စီးမှုအတွက် ကုမ္ပဏီဘက်က တာဝန်ယူကာ ပြန်လည် တည်ဆောက်ပေးရမည်ဖြစ်သည်။ ယခု လက်ရှိတွင် အဆိုပါ ကွဲအက်သွားသော မူလရေလှောင်ကန်အစား ရေလှောင်ကန်အသစ်တစ်ခုကို ကုမ္ပဏီက ထပ်မံဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့်လည်း ရေလှောင်ကန် ကွဲအက်ရခြင်း အကြောင်းရင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၌ ဂျပန်နိုင်ငံမှ ပါမောက္ခ လာရောက်ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၀**

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ အိုကားယားမားတက္ကသိုလ်မှ ပါမောက္ခ Yoshihiro Kimata သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန်၌ "The History and the Role of Plastic and Reconstructive Surgery" ခေါင်းစဉ်ဖြင့် ဟောပြောရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားသင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၌ ၃ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့၌ ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၀-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ ・ ၃၁ |
| ထိုင်း | တစ်ဘတ် | ၃၇ ・ ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ ・ ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ ・ ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၁/၂၀၁၇**

**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

## ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း

၁။ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်တွင်းပြည်ပအန္တရာယ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆) က သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၂။ ယင်းသဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်းကို ခန့်အပ်တာဝန်ပေးလိုက်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ခံစားခွင့်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

✻ *ရှေ့ဖုံးမှ*

အရေးကြီးလှပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိရာ ယင်းကူညီထောက်ပံ့မှုများကို စနစ်တကျဖြန့်ခွဲမှုဝေနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding -JCB) ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်ထောင်စုတိုင်းရင်းသား မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပြီးတတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြမှသာ ပြည်သူလူထုပါဝင်သောငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သော ရန်ပုံငွေရှာဖွေစုဆောင်းရာတွင်လည်း နိုင်ငံတကာမှ အလှူရှင်များသာမက ပြည်တွင်းအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြန်မာနိုင်ငံသားများပါဝင်နိုင်ရေးအတွက် အထူးအရေးကြီးလှပါသည်။ ထိုသို့ ပြည်သူအများထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် **အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနငြိမ်းချမ်းရေးရန်ပုံငွေ** (NRPC -Peace Fund)ကို **မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ ငွေစုဘဏ်စာရင်း၊** SF-004048 တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ ပြည်တွင်းမှ လှူဒါန်းလိုသောအလှူရှင်အဖွဲ့အစည်းများ၊ အလှူရှင်ပုဂ္ဂိုလ်များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးရန်ပုံငွေတွင် ထည့်ဝင်လှူဒါန်းခြင်းဖြင့် မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မိမိတို့ကိုယ်တိုင် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

---

## နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရဟန်းသံဃာတော်များ ပိဋကစာရဆွမ်းအလှူခံ

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော်(သင်ကြား) ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ၊ ကျိုက္ကလော့ဆရာတော်နှင့်ဌာနမှူး၊ ကထိကဆရာတော်များ ဦးဆောင်၍ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ် သင်တန်းအသီးသီးတို့တွင် တက်ရောက်လျက်ရှိသော နိုင်ငံပေါင်း ၁၄ နိုင်ငံမှ နိုင်ငံခြားသား ရဟန်း၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးနှင့် သီလရှင် ၁၃၅ ပါးတို့သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက လှိုင်မြို့နယ် အမှတ် (၃)ရပ်ကွက်အတွင်း မွန်မြတ်သည့် ပိဋကစာရ(ဆွမ်းဝတ်) ဆွမ်းအလှူခံကြွချီတော်မူသည်။

မွန်မြတ်သည့်ပိဋကစာရ(ဆွမ်းဝတ်) ဆွမ်းအလှူသည် သံဃာတော်များ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်ချမှတ်တော်မူခဲ့သော ပိဋကစာရ(ဆွမ်းဝတ်)ကျင့်သုံးခြင်းကို ကိုယ်တိုင်လိုက်နာကျင့်သုံးဆောင်ရွက်နိုင်စေရန်နှင့် သင်ရိုးပြဋ္ဌာန်းချက်ပါ သင်ခန်းစာအစိတ်အပိုင်းကို သဘောပေါက်စေရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ ဘူတန်၊ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယား၊ မြန်မာ၊ နီပေါ၊ အမေရိကန် စသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ သင်တန်းသား၊ နိုင်ငံခြားသား ရဟန်း၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးနှင့် သီလရှင်များက ရပ်ကွက်များအတွင်း ဆွမ်းခံကြွချီတော်မူခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

---

# နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒုတိယအကြိမ် ၂+၂ အစည်းအဝေး ကျင်းပရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ၊ ဒုတိယအကြိမ် ၂+၂ အစည်းအဝေး ကျင်းပရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang တို့ ဆွေးနွေးစဉ်** (သတင်းစဉ်)

---

◆ *ရှေ့ဖုံးမှ*

အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတစ်ရပ်လုံးအောင်မြင်စေဖို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လက်တွဲပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ပေးကြဖို့ လိုအပ်လျက် ရှိပါတယ်"ဟု သဝဏ်လွှာတွင်ပါရှိကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများက ထောင်ကာအက၊ မနောအကများဖြင့် ဝင်ရောက်ဆင်နွှဲခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

---

## နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

---

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Trading ကုမ္ပဏီများအနေဖြင့် ID/ED form များတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းခြင်းမရှိပါက ပထမအကြိမ်တွင် ကုမ္ပဏီ၊ အေးဂျင့်များကိုသတိပေးရန်နှင့်ဆက်လက်၍ ပျက်ကွက်ပါက အရေးယူဆောင်ရွက်ရန်ကိစ္စ၊ ယင်းကိစ္စနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက ကုမ္ပဏီများ၊ အေးဂျင့်များကို ရှင်းလင်းဆွေးနွေးအသိပေးထားရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် In Cash, In Kind ရင်းနှီးမြှုပ်နှံမှုပုံစံများကို နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစေရန်နှင့် နစ်နာမှုမရှိစေရန် နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ဖြင့် ဆောင်ရွက်နိုင်ရေးသုံးသပ်ရန်ကိစ္စ၊ ဌာနအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားချေးငွေရယူမှုများတွင် Short Term Loan (Hot Money) ရယူခြင်းမပြုသင့်ဘဲ Medium Term ၊ Long Term ချေးငွေများသာ ရယူဆောင်ရွက်ရေးကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရေးကိစ္စ၊ ကုန်သွယ်မှုကဏ္ဍတွင် Trade Deficit ဖြစ်ပေါ်မှုကို ကွာဟမှုကျဉ်းမြောင်းစေရန်အတွက် Export တိုးမြှင့်နိုင်မည့် နည်းလမ်းများ၊ သွင်းကုန်စိစစ်တင်သွင်းခွင့်ပြုရန် နည်းလမ်းများ ဖော်ထုတ်ရေးကိစ္စ၊ ခရီးသွားလုပ်ငန်းနှင့် အခြားဝန်ဆောင်မှု ကဏ္ဍများမှ နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၀**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေကို လာမည့် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပေပွဲတော်နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ပိုလ်တထောင်မြို့နယ် ပိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

စာနယ်ဇင်းရှင်းလင်းပွဲတွင် နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက နိုဘယ်လ်-မြန်မာစာပေပွဲတော်ကျင်းပသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ်တွင် စာပေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ဒုတိယအကြိမ်တွင် ကလေးစာပေပွဲတော်နှင့် ယခုနှစ်တွင် ရသစာပေဟု ပေးထားပါကြောင်း၊ ပွဲတော်ဖြစ်မြောက်စေရန် စာအုပ်စာပေကို မြတ်နိုးသူများက အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး စာပေဖွံ့ဖြိုးတိုးတက်ရန်မှာ စာဖတ်သူများရန်လိုပြီး စာအုပ်ကောင်းများထွက်ရန်လိုကြောင်း၊ ရသစာပေဆိုသည်မှာ စာဖတ်ချင်စိတ်ရှိသူများ စာဖတ်ခါစလူများကို စာဖတ်ဖြစ်သွားအောင်ဆွဲဆောင်နိုင်သည့် စာပေအမျိုးအစားဖြစ်ကြောင်း၊ ရသစာပေစာပေဖွံ့ဖြိုးရေးဆိုသည်မှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ကြောင်း၊ ရသစာပေနှင့် ပတ်သက်သည့် စာအုပ် ၁၀၀ ကို ပြုစုရွေးချယ်ထားပြီး စာအုပ်ထုတ်ရန်လည်း ဆောင်ရွက်နေပါကြောင်း၊ စာအုပ် ၁၀၀ ထဲမှ အနည်းဆုံး စာအုပ် ၅၀ ကို ထုတ်ရန် စီစဉ်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က တတိယအကြိမ်မြောက် ကျင်းပသည့် ရသစာပေပွဲတော်ဖြစ်ကြောင်း၊ ရသစာပေကို ဦးစားပေးထားကြောင်း၊ ကဗျာဆွေးနွေးပွဲများလည်း ပါဝင်ကြောင်း၊ ကဗျာပုဒ်ရေ ၁၀၀ ကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကြည်ဝင်းက စာပေပွဲတော်တွင် ရသစာပေနှင့် နှစ်ပေါင်း ၁၀၀ က ထုတ်ဝေခဲ့သည့် မြန်မာစာအုပ်များကို ပြသရန် စီစဉ်ထားကြောင်း၊ ကော်မတီက ရွေးချယ်ထားသည့် စာအုပ် ၁၀၀ ၏ မူရင်းစာရေးသူ ဓာတ်ပုံများ၊ မှတ်စုများပြပွဲတွင် ပြရန်စီစဉ်ထားကြောင်း၊ စာဖတ်ပရိသတ်များအား စာရေးသူနှင့် စာအုပ်ထုတ်ဝေသူများ ရသစာပေအပေါ် အတတ်နိုင်ဆုံး အားကြိုးမာန်တက် ရေးသားထားသည်များကို ပြသမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းချိုက စာပေပွဲတော်တွင် ရသစာပေဖွံ့ဖြိုးတိုးတက်ရေးပြန့်ပွားရေးအတွက် စာတမ်း ၁၁ စောင် ဖတ်ကြားမည်ဖြစ်ကြောင်း၊ စကားဝိုင်းဆွေးနွေးပွဲများ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဇာတ်ရုံ၏ အောက်ဖက်တွင် ဝတ္ထုစာရေးဆရာ ဆရာမများ စုပေါင်းပြီး ရသစာပေဝိုင်း၊ ကဗျာ ဆရာ ဆရာမများ၏ ကဗျာရွတ်ပွဲနှင့် ကာတွန်းဆရာများ၏ ရသစာပေနှင့် ပတ်သက်သည့် ကာတွန်းပြပွဲများရှိမည်ဖြစ်ကြောင်း၊ စာအုပ်တိုက်များကလည်း စာအုပ်ဆိုင်ပေါင်း ၁၄၀ ကျော် ရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျင်းပရေးကော်မတီဝင် ဦးခင်မောင်စိုး (မောင်သာမည) က ရသစာပေထွန်းကားရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အတိတ်ကို ပြန်ကြည့်ပြီး အကောင်းဆုံး အကြိုက်ဆုံးရွေးချယ်စာအုပ် ၁၀၀ ကို စာရင်းထုတ်ပေးမည်ဖြစ်ကြောင်း၊ ယခင် နိုဘယ်လ်-မြန်မာ စာပေပွဲတော်တွင် နိုဘယ်လ်ဆုရ စာရေးဆရာများ၏ စာအုပ်များကိုလည်း စာရင်းပြုစုထားပါကြောင်း၊ ရသစာပေကို ဖန်တီးသူများကမည်သည့် အကြောင်းအရာများကို မည်သို့ရေးဖွဲ့ဖန်တီးခဲ့သည်ကို သိလိုသူများအတွက် ထည့်သွင်းထားကြောင်း၊ ရသစာပေကို အားလုံးစိတ်ဝင်စားမည်ဟုထင်ပါကြောင်း ပြောကြားသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာအုပ် စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများနှင့် စာပေလောကမှ တာဝန်ရှိသူများပူးပေါင်း၍ မြန်မာနှင့် နိုင်ငံတကာစာပေများ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်၊ ရသစာပေ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင်ဗဟုသုတကြွယ်ဝခြင်းနှင့် အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်း၊ အများပြည်သူတို့ တိုးတက်သိမြင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်အထိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ စကားဝိုင်းဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်မိတ်ဆက်ပွဲ၊ ကဗျာရွတ်ပွဲ၊ ရသစာဖတ်ဝိုင်းများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ စာအုပ်ပြပွဲ၊ ကာတွန်းပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး စာပေနှင့်အနုပညာရှင်များ ကိုယ်တိုင်တင်ဆက်ကပြမည့် ပြဇာတ်ဖျော်ဖြေပွဲ အစီအစဉ်ကိုလည်း တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# သီးနှံအထွက်နှုန်းတိုးတက်ရေး မျိုးစေ့ကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်နေ

**တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် Tropical Biotechnology Ltd, တို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဇုန်သီးနှံမျိုးသစ်များ ကွင်းပြပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုစိုက်ကွင်းတွင်ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် Tropical Biotechnology Ltd, မှ တာဝန်ရှိသူများအားတွေ့ဆုံ မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**



ဦးအေးကိုကို



မစ္စတာမူရားခါး



ဦးသန်းထွန်း

**ဦးအေးကိုကို (ဒုတိယညွှန်ကြားရေးမှူးချုပ်) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

စိုက်ပျိုးရေးကဏ္ဍမှာ နံပါတ်(၁) မြေနဲ့ရေဟာအရေးကြီးပါတယ်။ အဓိကကျတာက သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ လွယ်လင့်တကူရရှိဖို့ လိုပါတယ်။ သီးနှံ မျိုးကောင်းမျိုးသန့်ဆိုတဲ့ အတွက်ကြောင့်မို့ စပါးအပါအဝင်၊ ပဲမျိုးစုံဆီထွက်သီးနှံ၊ နောက်ဆုံး ဟင်းသီးဟင်းရွက်အဆုံး ဒါတွေဟာအရေးကြီးပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် ဝင်ငွေတိုးတက်ရေးအတွက်ဆိုရင် သီးနှံဟာ အထွက်နှုန်းလည်းကောင်းရမယ်။ အရည်အသွေးလည်းကောင်းရမယ်၊ ရောင်းပန်းလည်းဝင်ရမယ်။ စားလို့လည်း ကောင်းရမယ်။ ဒါတွေဟာအရေးကြီးတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီပြပွဲလုပ်တာဟာ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ Tropical Biotechnology Ltd တို့ ပူးပေါင်းပြီးတော့ ပဲမျိုးစုံရယ်၊ ငရုတ်၊ အာလူးပါဝင်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှအသင်းဝင်နိုင်ငံတွေထဲမှာ ပဲနဲ့ပတ်သက်လို့ ဦးဆောင်နိုင်ငံဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်တွေ ရောင်းတဲ့အခါမှာ ကြည့်ရင်လည်း ပဲသီးနှံဟာ နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနေတဲ့ သီးနှံဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာစိုက်တဲ့ ပဲတီစိမ်းတို့ မတ်ပဲတို့၊ ကုလားပဲ၊ ပဲစင်းငုံတို့ဟာ များသောအားဖြင့် အိန္ဒိယဈေးကွက်ကို တင်ပို့တာဖြစ်ပါတယ်။ အခုလည်း အိန္ဒိယအစိုးရနဲ့မြန်မာအစိုးရ အစိုးရချင်း မြန်မာနိုင်ငံကထွက်ရှိတဲ့ ပဲတွေကို ဝယ်ယူလိုတဲ့ ကမ်းလှမ်းမှုတွေ အများကြီးရှိပါတယ်။

ဥပမာအားဖြင့် ဒီပြပွဲကို တက်ရောက်လာကြတဲ့ ရန်ကုန်တိုင်းဒေသကြီး ခရမ်းသုံးခွမြို့နယ်က တောင်သူတွေပါပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနရယ်၊ တောင်သူရယ် သက်ဆိုင်ရာ ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်း စိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ ပဲတီစိမ်းတွေ စိုက်ပျိုးပါတယ်။ EU က ပဲတီစိမ်းကို ပဲပင်ပေါက်ဖောက်ပြီး စားကြတာဖြစ်ပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံက ပို့နေတာသုံးနှစ်လောက်ရှိပါပြီ။ အဲဒါကို ပိုမိုတင်ပို့ ရောင်းချနိုင်ရန်အတွက် ပိုမိုပွင့်လင်းလာတဲ့ ဒီနိုင်ငံရဲ့ ဒီမိုကရေစီပြောင်းလဲတဲ့အပေါ်မှာ မူတည်ပြီးတော့ တင်ပို့တဲ့သူတွေ အများကြီးဆက်သွယ်လာတာရှိပါတယ်။ အဲဒီအခါမှာ အရည်အသွေးပြည့်မီဖို့လိုအပ်ပါတယ်။ ပိုးသတ်ဆေးတွေ မသုံးစွဲဖို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နဲ့ စိုက်ပျိုးတာတွေက ကျွန်တော်တို့ဌာနက တောင်သူတွေကို နည်းပညာပေးတယ်။ ဝယ်မယ့် ကုမ္ပဏီနဲ့ ကြားခံအနေနဲ့ ထိန်းညှိပေးတယ်။ ကုမ္ပဏီနဲ့တောင်သူနဲ့ စာချုပ်ချုပ်ပြီးတဲ့အခါမှာ သူတို့ရဲ့အာမခံဈေးနဲ့ ပဲမျိုးစုံကို သေချာပေါက်ဖော်မယ့်သူလည်းရှိမယ်။ သူတို့ကလည်း နိုင်ငံခြားကို တင်ပို့မယ့် ကုမ္ပဏီတွေဖြစ်တယ်။ ဒီလုပ်ငန်းစဉ်တွေ ပိုမိုကြီးထွားလာဖို့အတွက် မျိုးစေ့ကဏ္ဍဖြစ်တဲ့ မျိုးကောင်းမျိုးသန့်ဖြစ်ဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေ အနေနဲ့ လိုအပ်တဲ့အကူအညီတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး ဆောင်ရွက်လို့ရပါတယ်။ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်ရေး၊ သွင်းအားစု ဓာတ်မြေသြဇာတွေ အရည်အသွေးမီတာကို အသုံးပြုနိုင်ရေး၊ အဓိက GAP (Good Agriculture Practice) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို စတင်ပြီး စားသုံးသူ လက်ဝယ်ရောက်သည်အထိ ကုန်ထုတ်လိုက်တဲ့ သီးနှံသည် ညစ်ညမ်းမှု၊ အဆိပ်အတောက်ဖြစ်မှု အနည်းဆုံးဖြစ်တဲ့စနစ်ဟာ အရေးကြီးနေပါပြီ။ ကမ္ဘာမှာ ပိုက်ဆံချမ်းသာတဲ့ နိုင်ငံတွေပဲဖြစ်ပါစေ အားလုံးသည် အစားအစာလုံခြုံစိတ်ချရမှုကို အလေးအနက်ထားလာပါတယ်။ ဒါကြောင့်မို့ ပိုးသတ်ဆေးတွေကို အလွန်အကျွံမသုံးစွဲကြဖို့ လိုအပ်မှသာလျှင် ပိုးသတ်ဆေးကို သုံးစွဲဖို့၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာတွေကို ကျွန်တော်တို့ဌာနအနေနဲ့ တောင်သူတွေသိရှိအောင် ဆောင်ရွက်ပေးနေတဲ့အတွက် တောင်သူများကလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ကြပါလို့ အထူးတိုက်တွန်းလိုပါတယ်။

**မစ္စတာမူရားခါး(ဥက္ကဋ္ဌ) Tropical Biotechnology Ltd**

အခုလို ကွင်းပြပွဲပြုလုပ်ရခြင်းရဲ့ ပထမရည်ရွယ်ချက်ကတော့ နေပြည်တော် ဧရိယာတစ်ဝိုက်ကို မျိုးကောင်းမျိုးသန့် မျိုးထုတ်လုပ်ငန်းကြီးတစ်ခုဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မျိုးထုတ်ဖို့ မြန်မာနိုင်ငံက ရွာ လေးရွာမှာ စမ်းသပ်ခဲ့တာ တော်တော်များများက အောင်မြင်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဝန်ထမ်းတွေကိုလည်း သင်တန်းတွေပေးနေသလို တချို့ဝန်ထမ်းတွေကိုလည်း အိန္ဒိယကို လွှတ်ပြီး သင်တန်းတွေ တက်ရောက်ခိုင်းထားတာလည်းရှိပါတယ်။ မျိုးထုတ်လုပ်မှုလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်နေပါတယ်။ မျိုးကောင်းမျိုးသန့်ရှိမှ သီးနှံအထွက်နှုန်းကောင်းမယ်။ သီးနှံဈေးကောင်းရမယ်။ တစ်ကမ္ဘာလုံးက လက်ခံရေးမှာ ကိုယ်ကဈေးကောင်းရမှ ဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ အထွက်နှုန်းကောင်းဖို့ နံပါတ်တစ်လိုအပ်ချက်ကတော့ မျိုးစေ့ဖြစ်တဲ့အတွက် မျိုးစေ့ကို ဦးစားပေးပြီးတော့ မျိုးစေ့ကဏ္ဍကိုဖွံ့ဖြိုးအောင် လုပ်နေပါတယ်။ ခေတ်စနစ်အခြေအနေအရ မျိုးစေ့တွေကိုလည်း ခေတ်မီအောင် လုပ်နေပါတယ်။ မျိုးကောင်းမျိုးသန့်တွေ များများရနိုင်အောင်လို့ အသင်းအဖွဲ့တွေ ဖွဲ့နေပါတယ်။ အဲ့ဒီအသင်းအဖွဲ့တွေမှာ ကုမ္ပဏီတွေ၊ တောင်သူတွေပါဝင်မှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ နည်းပညာနဲ့ ပံ့ပိုးမှုတွေလိုအပ်ရင်လည်း ကျွန်တော်တို့နဲ့ ဆက်သွယ်နိုင်ပါတယ်။ ဒါ့အပြင် နှစ်စဉ်မျိုးကောင်းမျိုးသန့်တွေကို စမ်းသပ်နေတယ်။ အလားအလာရှိရင် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး စမ်းသပ်တာတွေရှိပါတယ်။ အကုန်လုံးက လက်ခံတယ်ဆိုမှ မှတ်ပုံတင်ပြီး ဖြန့်ဖြူးပါတယ်။

**ဦးသန်းထွန်း (စိုက်ပျိုးရေးအကြံပေး) Tropical Biotechnology Ltd**

လက်ရှိမြန်မာနိုင်ငံမှာ ပဲမျိုးစုံနဲ့ တခြားအာလူး၊ ငရုတ်နဲ့ ဝါလိုသီးနှံမျိုးတွေကို အထွက်နှုန်းလျော့စေတဲ့အချက်အကြောင်းတွေ ပိုးကြောင့်လား၊ ရောဂါကြောင့်လားဆိုတဲ့ ဒီလိုမျိုးစေ့ရဲ့ အားနည်းချက်တွေရှိတယ်။ အဲဒါတွေကို အိန္ဒိယနိုင်ငံ ကုမ္ပဏီသုံးခုနဲ့ ချိတ်ဆက်ပြီး မျိုးတွေကို ယူပါတယ်။

ဥပမာ ပဲတီစိမ်းလို သီးနှံမျိုးဆို ရွက်ဝါရောဂါ အလွန်ကျတယ်။ ဒါကို ခံနိုင်ရည်ရှိတဲ့ မျိုးငါးမျိုးလောက်ယူပြီး ပြည်တွင်းမှာ သုံးနှစ်လောက် စမ်းကြည့်လိုက်တယ်။ အခြေအနေအရ ပထမတစ်နှစ်ကတည်းက သုံးမျိုးမှာ မကောင်းဘူး။ နှစ်မျိုးပဲကောင်းတယ်ဆို နှစ်မျိုးပဲထားပြီး သုံးမျိုးကို ပယ်လိုက်တယ်။ အဲဒီနှစ်မျိုးကိုပဲ ထပ်ထုတ်ထားပြီး နိုင်ငံတော်မှာ တရားဝင်မှတ်ပုံတင်တယ်။ နိုင်ငံတော်အနေနဲ့ မှတ်ပုံတင်နိုင်အောင် နိုင်ငံအတွင်းမှာရှိတဲ့ ခြံတွေနဲ့ချိတ်ဆက်ပြီး စမ်းသပ်ပါတယ်။ အဲဒီအပေါ်မှာ မိုးခေါင်ဒဏ်၊ ရေငတ်ဒဏ်အဓိကကျတဲ့ ပိုးမွှားရောဂါ မကျရောက်တော့ဘူးဆိုတဲ့ မျိုးတွေ့ပြီဆိုရင် မှတ်ပုံတင်ခွင့်ပြုလိုက်တယ်။ အဲဒီအချိန်မှာ တောင်သူကို ဖြန့်နိုင်အောင်လုပ်ရတယ်။ တောင်သူကို ဖြန့်နိုင်ဖို့ဆိုတာ လက်ရှိ သိန်းဂဏန်းချီပြီး လိုတဲ့ ကေအတွက် မျိုးစေ့တင်းရေက ထုတ်ဖို့ခဲယဉ်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီတွေကနေ လက်ရှိမျိုးတွေ အကူအညီပေးတယ်။ ထိုက်သင့်တဲ့နည်းပညာတွေ အကူအညီပေးပြီးတော့ ဝန်ထမ်းတွေနဲ့ Contract Farming ဆိုပြီး လယ်သမားနဲ့ ထုတ်ရတာ။

ဝါမျိုးဆိုရင် တင်း ၁၅၀-၂၀၀-၂၅၀ ထွက်အောင် မနည်းလုပ်ရတယ်။ အိန္ဒိယမျိုးတစ်မျိုးကို သွင်းပြီးတော့ စမ်းသပ်ပြီး လယ်သမားကို စိုက်ခိုင်းရင် အနည်းဆုံး ၄၅၀ ကနေ ၁၅၀၀ လောက်ထွက်တယ်။ ဒါမျိုးတစ်ခုတည်း ပြောင်းလိုက်တာ အလားတူ ပဲတီစိမ်းမှာဆိုလည်း ရွက်ဝါရောဂါမကျအောင် အချိန်မရွေး စိုက်လို့ရတယ်။ သူ့ရဲ့အမွေးအမှင်ထူတဲ့အတွက် သီးထပ်စိုက်လို့ရတယ်။ လယ်သမားလက်ကို နောက်ထပ် နှစ်နှစ်လောက်ဆို ပေးနိုင်ပါပြီ။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲပြီးဖြစ်၍ မကြာမီ ထွက်ရှိလာမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ လစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရပူးပေါင်း၍ လူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ ညှိနှိုင်းဆွေးနွေးနိုင်ရန် လစဉ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ ဆောင်ရွက်ချက်များကို ပွင့်လင်းစွာဆွေးနွေးကြရန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကိုရေးဆွဲပြီးဖြစ်၍ မကြာမီ ထွက်ရှိလာမည်ဖြစ်ကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအခြေအနေ၊ စီမံကိန်းကာလများဖြင့် ထည့်သွင်းရေးဆွဲထားသည့်အတွက် စီမံကိန်းအကောင်အထည်ဖော်မှုများအပေါ် ထိန်းသိမ်းကြီးကြပ်ခြင်း (monitoring) ဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်ရန် အချိန်သုံးလခန့်သာကျန်တော့သဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများက ဒေသအလိုက် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချမှု၊ လျှပ်စစ်ဓာတ်အားစနစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ရသုံးမှန်းခြေငွေစာရင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ အခွန်အကောက်ရရှိမှု၊ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများ၊ ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေသအလိုက် ဆောင်ရွက်ရန် ရည်မှန်းချက်များကို အသီးသီးရှင်းလင်းတင်ပြ၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် အခွန်အကောက်ရရှိမှုအခြေအနေများနှင့် အခွန်ကောက်ခံမှုလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူစေမည့် နည်းလမ်းများကို ပြည်တွင်းအခွန်များဦးစီးဌာနမှ လည်းကောင်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ဘဏ္ဍာငွေရေးဆွဲပုံအဆင့်ဆင့်ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လည်းကောင်း၊ မန့်ဝိန်းစစ်ဆေးရေးဂိတ် (Check Point)၊ ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြရန် လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်နှင့် ရေးဆွဲလျက်ရှိသော နည်းဥပဒေတို့နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ လည်းကောင်း၊ ၂၀၁၇-၂၀၁၈ အမျိုးသားစီမံကိန်း (မူကြမ်း) ကို နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်များအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ မူဝါဒများ၊ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဦးစားပေးအစီအစဉ်နှင့် ဦးစားပေးနယ်မြေဒေသများသတ်မှတ်၍ စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များနှင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို ရေးဆွဲပြုစုခဲ့ကြောင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လည်းကောင်း၊ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DA-CU) ဖွဲ့စည်းထားရှိမှုနှင့် ပတ်သက်၍ အမြဲတမ်းအတွင်းဝန်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ၏ ဆွေးနွေးမေးမြန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆေးမားအူလ်အွန်ဒုန် စီမံကိန်းလမ်းသစ်ဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဈေးညောင်ပင်ကြီးကျေးရွာတွင် ဆေးမားအူလ်အွန်ဒုန်စီမံကိန်းလမ်းသစ်ဖွင့်ပွဲအား ဇန်နဝါရီလ ပထမပတ်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ဇော်နိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စန်းမောင်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က ဖွင့်ပွဲအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းနှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း လူဦးရေ ၃၀၀ ခန့် တက်ရောက်ကာ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်းဖြစ်၍ အရှည်ပေ ၈၀၀ × အကျယ် ၁၀ ပေ × အမြင့် ခြောက်ပေဖြစ်ပြီး ကျေးလက်နေပြည်သူများ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## တရုတ်နှင့် အိန္ဒိယနိုင်ငံမှ အပြိုင်ဝယ်ယူနေမှုကြောင့် ပေါ်ဦးပေါ်ဖျား မြေထောက်ပဲများ ဈေးကောင်းရနေ

**မန္တလေး ဇန်နဝါရီ ၁၀**

ယခု ဇန်နဝါရီလဆန်းတွင် စတင်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား မြေထောက်ပဲများ မန္တလေးဈေးကွက်တွင် အဖွင့်ဈေးကောင်းပေး၍ ဝယ်ယူနေကြောင်း သိရသည်။



ယမန်နှစ်ပေါ်ကာစက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းသာ အဖွင့်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် တရုတ်နှင့် အိန္ဒိယက အပြိုင်ဝယ်ယူနေမှုကြောင့် အဖွင့်ဈေးတွင် ငွေကျပ် ၉၃၀၀၀ အထိ ဈေးကောင်းပေးနေကြောင်း ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မနှစ်က ငွေကျပ် ၆၀၀၀၀ ဈေးကနေစပြီး ငွေကျပ် ၁၁၀၀၀၀ ထိ ဈေးမြင့်ခဲ့တယ်။ ဒီနှစ်က ရာသီဥတုကမျှတတော့ အထွက်နှုန်းကောင်းသလို အဖွင့်ဈေးလည်း ကောင်းတယ်။ လက်ရှိအခြေအနေအရ ဈေးကျဖို့တော့မဖြစ်နိုင်သေးဘူး" ဟု ၎င်းက ပြောသည်။

အဆိုပါမြေထောက်ပဲများကို မြန်မာနိုင်ငံတွင် စားသုံးသူနည်းပါးသော်လည်း အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသများမှ အများဆုံးဝယ်ယူကြပြီး အထူးအစားအစာအဖြစ် စားသုံးလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြေထောက်ပဲများကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော ရောဝတီနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ကလေး၊ ဟုမ္မလင်း စသည့်ဒေသများ၌ မြစ်ရေကျချိန် မြေနုကျွန်းများပေါ်တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဆိပ်ကမ်းမှမထွက်ခွာမီ ရေယာဉ်များစစ်ဆေး

**ဗန်းမော် ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ရဲအုပ်ဇော်ကိုကို၊ မြို့နယ်ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးလှရွှေတို့သည် ဗန်းမော်ခရိုင်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာ ရီခွဲက ဗန်းမော်မြို့မြို့မရပ် ရောဝတီမြစ်ဆိပ်ကမ်းတွင် ဗန်းမော်-ကသာ အမြန်ရေယာဉ်၊ ဗန်းမော်-ရွှေကူ ရေယာဉ်၊ ဗန်းမော် - မြို့လှ ရေယာဉ်များအား ဆိပ်ကမ်းမှမထွက်ခွာမီ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ မောင်းနှင်ပြေးဆွဲခြင်း ရှိ/မရှိ၊ ခရီးသည်များလိုက်ပါစီးနင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ ရေယာဉ်လိုင်စင်၊ ရေယာဉ်မောင်းလိုင်စင် သက်တမ်းလွန်ခြင်း ရှိ/မရှိ စသည့် ရေယာဉ်စည်းကမ်းချက်ဆိုင်ရာတို့ကို စစ်ဆေးခဲ့ပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်ဆိုင်ရာအချက်အလက်များကို အသိပညာများပေး ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

❐ *ကျောဖုံးမှ*

စည်သူအောင်(ရတနာပုံ)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ ဗိုကာလူး (ရန်ကုန်)၊ ကျော်ဇင်လွင် (မကွေး)၊ **အလယ်တန်း-** ရန်နိုင်ဦး၊ တင်ဝင်းအောင်၊ မက်ဆီမင် (ရှမ်းယူနိုက်တက်)၊ ရန်ပိုင်၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်အောင်ကျော်(ရန်ကုန်)၊ ဆောင်လမန်(ချင်း)၊ **ရှေ့တန်း-** ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ခရစ္စတိုဖာ (ရှမ်းယူနိုက်တက်)၊ မောင်မောင်လွင်(ဟံသာဝတီ) တို့ ပါဝင်ကြသည်။

MNL All star အသင်း ဖွဲ့စည်းရာတွင် လက်ရွေးစင်ကစားသမားများဖြစ်သည့် နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ရဲကိုဦးတို့ ပါဝင်လာခြင်းမရှိဘဲ ၂၀၁၆ ရာသီတွင် ရှမ်းယူနိုက်တက်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရခဲ့သည့် သီဟစည်သူ ရွေးချယ်ခြင်းမခံရဘဲ အရန်ဂိုးသမား မျိုးမင်းလတ်ကို ရွေးချယ်ခဲ့သည်။ MNL All star အသင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် စခန်းဝင် လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။

ထိုင်းပရီမီယာလိဂ်ကလပ် ဆူရီရမ်ယူနိုက်တက်အသင်းသည် ရတနာပုံအသင်းယှဉ်ပြိုင်ခဲ့သော ၂၀၁၆ တိုယိုတာ မဲခေါင်ဖလားပြိုင်ပွဲတွင် ပူပူနွေးနွေး ချန်ပီယံဆုရထားသည့်အသင်းဖြစ်ပြီး ထိုင်းလက်ရွေးစင်အချို့ပါဝင်ကစားလျက်ရှိသည်။ ဆူရီရမ်အသင်းသည် ရာသီကြိုပြင်ဆင်မှုအဖြစ် အာဆီယံကလပ်အသင်းများနှင့် ရန်ပုံငွေခြေစမ်းပွဲများကစားလျက်ရှိသည်။ ယခု ခြေစမ်းပွဲမှရရှိသည့် ကွင်းဝင်ကြေးများကို ရောဝတီတိုင်းဒေသကြီးအတွင်း၌ ကျောင်းဆောင်သစ်တည်ဆောက်ရန် လှူဒါန်းမည်ဖြစ်သည်။

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# သေချာပေါက်ပြောနိုင်တာက ကာလရှည်မှာ တကယ့်ကို ဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာမယ်ဆိုတာပါပဲ

ဒေါက်တာမောင်မောင်အောင်

**တွေ့ဆုံမေးမြန်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့တော်ကြီးတွင် နှစ်ပေါင်းရှည်ကြာ ပြေးဆွဲခဲ့သော ခရီးသည်တင် ဝန်ဆောင်မှုလုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်တွင် စနစ်သစ်




အသွင် စတင်ပြောင်းလဲ ပြေးဆွဲတော့မည်ဖြစ်သည်။ လက်ရှိ ပုဂ္ဂလိကတစ်ဦးပိုင်မှ အစုအဖွဲ့ပိုင်စနစ်သို့ စတင်ပြောင်း လဲကာ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ယင်းစနစ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ဦးဆောင်ကာ စတင်အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ယင်းပြောင်းလဲမှုအပေါ် ပြည်သူများ နက်နက်နဲနဲ သိစေရန်နှင့် သိလိုသည်များကို လေ့လာဆန်းစစ်နိုင်ရန် မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်နှင့် သွားရောက်တွေ့ဆုံကာ မေးမြန်းခဲ့မှုကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။

**မေး- ဇန်နဝါရီ ၁၆ ရက်မှာ ရန်ကုန်မြို့ ခရီးသည်တင်ယာဉ်လိုင်းစနစ်သစ် ပြောင်းလဲပြေးဆွဲမှု စတင်မယ်လို့ သိရပါတယ်။ အဲဒီစနစ်သစ်ပြောင်းလဲမှုအပေါ် ဆရာရဲ့ သုံးသပ်ချက်ကလေး ကနဦးသိပါရစေ။**

ဖြေ- ဇန်နဝါရီ ၁၆ ရက်ကတော့ ရန်ကုန်မြို့ရဲ့ခရီးသည်တင် ယာဉ်လိုင်းတွေကို ပထမဆုံး အစုအဖွဲ့ပိုင်အဖြစ် စတင်ပြေးဆွဲမှာ ဖြစ်ပါတယ်။ တချို့ထင်ကြသလို အများပိုင်မဟုတ်သေးပါဘူး။ အစုအဖွဲ့ပိုင်ပါပဲ။ အဲဒီလိုပြေးဆွဲတဲ့အခါမှာ စနစ်ကို စပြောင်းတာပါ။ စပြောင်းတဲ့နေရာမှာ အရင်ကလို တစ်ဦးတစ်ယောက်တည်း ပိုင်တာမဟုတ်ဘဲ အခုလို အစုအဖွဲ့ပိုင်ကို ပြောင်းတာဖြစ်တယ်။ အများပိုင် မလုပ်နိုင်သေးခင် အခုလို အစုအဖွဲ့ပိုင် လုပ်တဲ့သဘောပေါ့။ ဒါက ကနဦးပါ။ နောက်တော့ အများပိုင်ကို တဖြည်းဖြည်းချင်း လုပ်သွားမှာဖြစ်တယ်။ ပြေးဆွဲတဲ့အခါမှာ လက်ရှိယာဉ်လိုင်း ၃၃၀ ကျော်ကနေ အခုဆိုရင် ဒီနေ့ထိ ပြန်လည်စိစစ်ပြီးယာဉ်လိုင်း ၆၀ နဲ့ ပြောင်းလဲပြေးဆွဲမှာဖြစ်တယ်။ ဒါကလည်းပုံသေတော့မဟုတ်သေးပါဘူး။ ပြည်သူတွေရဲ့လိုအပ်ချက်အရ အားလုံးတိုင်ပင်ဆွေးနွေးပြီး လိုင်းသစ်တွေကို ထပ်တိုးသင့်ရင် လိုအပ်သလို ထပ်တိုးပေးသွားဖို့ရှိပါတယ်။

**မေး- ဆရာတို့အနေနဲ့ ယာဉ်လိုင်းတွေ လျှော့မယ့်ကိစ္စအပေါ်မှာ တချို့ပြည်သူတွေက သွားလာမှုအဆင်မပြေမှာကို စိုးရိမ်နေကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆရာတို့အနေနဲ့ ပြည်သူတွေ အဆင်ပြေအောင် ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ- ဟုတ်ပါတယ်။ ကျွန်တော်လည်း ဒီကိစ္စမှာ ပြည်သူတွေ စိုးရိမ်နေကြတယ်ဆိုတာ သိပါတယ်။ အခုလို လိုင်းတွေ လျှော့လိုက်တော့ ပြည်သူတော်တော်များများက သွားလာမှု အဆင်မပြေမှာ စိုးရိမ်ကြတယ်။ အခုလတ်တလော ဆွဲထားတဲ့ ယာဉ်လိုင်းတွေက ပုံသေမဟုတ်သေးပါဘူး။ အချိန်အခါအားလျော်စွာ ပြည်သူတွေရဲ့ လိုအပ်ချက်ရှိရင် ရှိသလို တိုးချဲ့ပြောင်းလဲပေးသွားမှာပါ။ စပြီးကတည်းက အခုချိန်အထိ နေ့စဉ် အစုအဖွဲ့မှာပါတဲ့ ကုမ္ပဏီတွေနဲ့ ဆွေးနွေးမှုတွေ အဆက်မပြတ်လုပ်နေပါတယ်။ ဘာတွေလိုအပ်ချက်ရှိနေလဲ။ ခရီးသွားပြည်သူတွေ လိုအပ်ချက်ရှိရင် ရှိသလို လုပ်ပေးနေပါတယ်။ ခုဆိုရင် အဓိကလမ်းမကြီးတွေ အဆင်ပြေအောင် စဉ်းစားရပါတယ်။ အရင်စပြီး ကြေညာတုန်းကဆို လိုင်း ၅၇ လိုင်းပါ။ အခုဆိုရင် လိုင်းပေါင်း ၆၀ ဖြစ်လာပြီ။ ထပ်တိုးဖို့လည်း ရှိပါတယ်။ ဒီနေ့ညနေဆို အတည်ပြုဖို့ လုပ်နေတယ်။ ပြည်သူတွေသိအောင် ထပ်ကြေညာပေးမှာပါ။ ပြည်သူတွေ စိုးရိမ်စရာမဖြစ်အောင် အချိန်နဲ့အမျှ ကြိုးစားလုပ်နေပါတယ်။ တဖြည်းဖြည်းနဲ့ကတော့ အဆင်ပြေသွားမှာပါ။ ခုလုပ်တာကတော့ အဓိကလမ်းမကြီးတွေပဲ ရည်ရွယ်ပါတယ်။ ဒါပေမယ့် ဒီထဲမှာမပါတဲ့ အခြားလမ်းတွေလည်း ရှိသေးတယ်။ အခု အဓိကလမ်း ၆၀ ကတော့ အစုအဖွဲ့ပိုင်နဲ့ အများပိုင်ကားတွေက ပြေးဆွဲမှာဖြစ်ပါတယ်။ ပုံသေမဟုတ်သေးပါဘူး။ လိုအပ်ရင် ထပ်ထည့်သွားမှာပါ။

**မေး- စတင်ပြေးဆွဲတဲ့နေ့မှာ ပြည်သူတွေ ထင်ထားသလို အခက်အခဲ တစ်စုံတစ်ရာကြုံလာရင် ဘယ်လိုဖြေရှင်းသွားဖို့ စီမံထားပါသလဲ။**

ဖြေ- ပြည်သူတွေစိုးရိမ်သလို ကျွန်တော်တို့လည်း စိုးရိမ်ပါတယ်။ ဒါကြောင့် အဲဒီနေ့မှာ မှတ်တိုင်တွေမှာ ခရီးသည်တွေ ပုံနေတာတို့၊ တချို့လိုင်းမဆွဲဖြစ်ခဲ့တဲ့ လမ်းကြောင်းနေရာတွေမှာခရီးသည်တွေ စုနေတာတို့ ဘယ်လိုအခက်အခဲ တစ်စုံတစ်ရာပဲ ကြုံနေပါစေ၊ အခု တိုင်းဒေသကြီးမှာရှိတဲ့ အရန်ကားတွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးဖို့ ရှိပါတယ်။ ဒါတွေနဲ့ အဆင်ပြေအောင် ပြေးဆွဲပေးသွားမှာပါ။ ပြောချင်တာက စတဲ့နေ့မှာ



ဒေါက်တာမောင်မောင်အောင်

လုံးဝပြည့်စုံမယ်လို့ ဆရာတို့မပြောပါဘူး။ ဒါပေမယ့် နောက်တော့ ဖြည်းဖြည်းချင်း အဆင်ပြေအောင် ယာဉ်လိုင်းတွေကို ထပ်ဖြည့်သွားမှာပါ။ ပြီးတော့ ရေရှည်မှာ အများပိုင်ဖြစ်လာပြီဆိုရင်လည်း ကတ်စနစ်ကိုအသုံးပြုပြီး ယာဉ်မောင်းတစ်ယောက်တည်းပါတဲ့ အနေအထားမျိုးနဲ့ နိုင်ငံတကာလို သွားနိုင်အောင် လေ့ကျင့်ယူသွားရမှာပါ။ အခု လုပ်မယ့်စနစ်က အစုအဖွဲ့ပိုင်ဆိုတော့ လက်မှတ်စနစ်နဲ့ မသွားနိုင်သေးပါဘူး။ ငွေပုံးနဲ့ပဲ သွားဖို့ ရှိပါသေးတယ်။ အဲဒီမှာ ခရီးအကွာအဝေးအလိုက် ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ သတ်မှတ်ထားတာ ရှိပါတယ်။ ယာဉ်အကူက လောလောဆယ် လိုက်ပါမှုရှိနေဦးမယ်။ ဒါပေမယ့် ပိုက်ဆံကိုင်ခွင့်တော့ ရမှာမဟုတ်ပါဘူး။ ခရီးသည်တွေ မှန်မှန်ကန်ကန် ငွေထည့်နိုင်အောင် လမ်းပြပေးတဲ့ သဘောလောက်တော့

*စာမျက်နှာ ၇ သို့*



# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၀

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ဟယ်လင်းနစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအဲလက်ဇ်(စ်)စီပရာ့စ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာနိုင်ငံသားများ အကျိုးစီးပွား တိုးတက်ပါစေကြောင်းနှင့် ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်ုပ်ကဆုမွန်ကောင်းများ ပို့သအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

**ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီမီတိုဗ်ကဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် အဆွေတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိစေရန် ဆုတောင်းမေတ္တာပို့သခွင့်နှင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်းဖော်ပြခွင့်ရသည့်အတွက် ပျော်ရွှင်မိပါသည်။ ဘူလ်ဂေးရီးယားနှင့် မြန်မာနိုင်ငံအကြား အစဉ်အဆက်ခင်မင်ရင်းနှီးလာခဲ့သည့် ဆက်ဆံရေးသည် ပိုမိုတိုးတက်နက်ရှိုင်းလာစေရေးအတွက် အတူတကွလုပ်ကိုင်သွားလိုကြောင်းနှင့် အီးယူ-အာဆီယံချစ်ကြည်ရင်းနှီးမှုမူဘောင်ကို တိုးတက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လက်တွဲဆောင်ရွက်သွားလိုပါသည်ဟု ဖော်ပြပါရှိပါသည်။

**ပိုလန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဒေါတ်ဗာရှ်ချေကော့ဖ်စကီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်။ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီဆိုင်ရာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု လေးစားမိပါသည်။ ပိုလန်နိုင်ငံအနေဖြင့် အဆိုပါပြုပြင်ပြောင်းလဲမှုကို ထောက်ခံပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများကိုပါ မျှဝေပေးရန် တံခါးဖွင့်ကြိုဆိုလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာရှတိုက်၌ ပိုလန်နိုင်ငံ၏ အရေးပါသည့် မိတ်ဖက်နိုင်ငံဖြစ်ပြီး ပိုလန်နိုင်ငံဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်လျက်ရှိသည့် ဦးစားပေးနိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်တိုးတက်မှုများရရှိနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

# ကျွန်တော်တို့ ဆေးဝါးဓာတုဓာတ်ခွဲခန်းက စစ်ဆေးရရှိတဲ့အဖြေတွေကို နိုင်ငံတကာက လက်ခံယုံကြည်လာမယ်၊ ဆေးဝါးအတုတွေ၊ စံချိန်မမီဆေးဝါးတွေကို ဖော်ထုတ်နိုင်မယ်၊ နိုင်ငံတော်နဲ့ပြည်သူလူထုအတွက် အထောက်အကူများစွာရရှိမယ်

**ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွင့်**

**နေပြည်တော် ဇန်နဝါရီ ၁၀**

"အရင်ကာလတွေတုန်းက စမ်းသပ်စစ်ဆေးရရှိခဲ့တဲ့ ဓာတ်ခွဲခန်းအဖြေတွေဟာ မှန်ကန်ပေမယ့် ကမ္ဘာက အသိအမှတ်ပြုခြင်းမခံခဲ့ရဘူး။ ဒီနေ့ ISO လက်မှတ်ရထားတဲ့ ကျွန်တော်တို့ ဓာတ်ခွဲခန်းကို ကမ္ဘာ့အဆင့်အဖွဲ့အစည်းတွေ လာရောက်စစ်ဆေးခဲ့တယ်။ ဒီဓာတ်ခွဲခန်းကအဖြေတွေဟာ မှန်ကန်တယ်၊ အားကိုးလောက်တယ်ဆိုတာကို အသိအမှတ်ပြုတယ်။ ပြောချင်တဲ့ သဘောက ဒီဓာတ်ခွဲခန်းက အဖြေတွေကို ကမ္ဘာရဲ့ ဘယ်တိုင်းပြည်ကပဲဖြစ်ဖြစ်၊ ဘယ်တိုင်းပြည်ကိုပဲ ယူသွားယူသွား အသိအမှတ်ပြုတာဖြစ်ပါတယ်"ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွင့်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးဓာတုဓာတ်ခွဲခန်း(နေပြည်တော်)၏ အမေရိကန် အခြေစိုက် ANAB (ANSI- ASQ National Accreditation Boad ) မှ အသိအမှတ်ပြု ISO/IEC 17025 ; 2005 Accreditation ရရှိခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲက ညွှန်ကြားရေးမှူးချုပ်က ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။




ဆေးဝါးဓာတုဓာတ်ခွဲခန်း(နေပြည်တော်) ဖွင့်လှစ်နိုင်ရန် ၂၀၁၅ ခုနှစ်က ရန်ကုန်နှင့် နေပြည်တော်ရှိ အစားအသောက်အဏုဇီဝဓာတ်ခွဲခန်းများကို နိုင်ငံတကာအသိအမှတ်ပြု ISO 17025 Accreditation ရရှိရန် GIZ နှင့် UNIDO အဖွဲ့အစည်းများ၏ အကူအညီဖြင့် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အမေရိကန်နိုင်ငံမှ American National Accreditation Body (ANAB) လက်အောက်ရှိ ANSI-ASQ National Accreditation Boad သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလက မြန်မာနိုင်ငံရှိ ဆေးဝါးဓာတုဓာတ်ခွဲခန်း (နေပြည်တော်)သို့ ပဏာမလာရောက်စစ်ဆေးခဲ့ရာ ပြည့်စုံကောင်းမွန်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းတို့၏ စစ်ဆေးမှုကို အတည်ပြုခဲ့သည်။

ထိုစစ်ဆေးအတည်ပြုချက်များအရ National Accreditation Board က ISO17025;2005 Accreditation ကို ဆေးဝါးဓာတုဓာတ်ခွဲခန်း(နေပြည်တော်)အတွက် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အလားတူ အစားအသောက်ဓာတ်ခွဲခန်းအတွက် ISO/IEC Accreditation ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ ဆေးဝါးဓာတုဓာတ်ခွဲခန်းက စစ်ဆေးရရှိတဲ့ အဖြေတွေကို နိုင်ငံတကာက လက်ခံယုံကြည်လာမယ်၊ ဆေးဝါးအတုတွေ၊ စံချိန်မမီဆေးဝါးတွေကို ဖော်ထုတ်နိုင်မယ်၊ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အထောက်အကူများစွာရရှိမှာဖြစ်ပါတယ်"ဟု ဒေါက်တာသန်းထွင့်က ဆက်လက်ပြောကြားသည်။

Programme Manager Dr .Yanga Dijiba က "ဒီဓာတ်ခွဲခန်းကရရှိတဲ့ ISO/IEC 17025 Accreditation လက်မှတ်ဟာ အမေရိကန်အခြေစိုက် ANAB က ထုတ်ပေးတာဖြစ်တယ်။ ဒီလိုလက်မှတ်ကို ကမ္ဘာမှာ အလွန်ခိုင်မာတဲ့ Agency က ပေးအပ်ခြင်းဖြစ်ပါတယ်"ဟု အတည်ပြုပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အစားအသောက်နှင့် ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းကိရိယာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အာနိသင်ထက်မြက်မှုနှင့် အရည်အသွေးကောင်းမွန်မှုတို့ကို စနစ်တကျကြီးကြပ်ကွပ်ကဲပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတော်လုံခြုံရေးကို အထောက်အကူဖြစ်စေရန်ဟူသည့် မျှော်မှန်းချက်နှင့်အညီ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းကိရိယာများကို ယုံကြည်စိတ်ချစွာသုံးစွဲနိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစံနှုန်းများနှင့် ဆောင်ရွက်သွားမည်ဟူသည့် လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ **မင်းမင်းဇော်(ကလေး)**

*စာမျက်နှာ ၆ မှ*

လုပ်ရပါမယ်။ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းကတော့ ယာဉ်မောင်းရော၊ ယာဉ်အကူပါ အတိအကျ လိုက်နာရမှာ ဖြစ်ပါတယ်။

**မေး - ဆရာတို့အနေနဲ့ အခုပြောင်းလဲမှုကို ကာလအပိုင်းအခြားသတ်မှတ်ပြီး လုပ်ဆောင်မယ်လို့ သိရပါတယ်။ အဲဒီပိုင်းခြားလုပ်ဆောင်သွားမှုအပေါ်ကို ရောရှင်းပြပေးပါဦး။**

ဖြေ - အခုစတင်အကောင်အထည်ဖော်မယ့် အစုအဖွဲ့ပိုင်ကတော့ ကုမ္ပဏီ ၂၁ ခုကနေ ရှစ်ခုကို လျှော့လိုက်တာဖြစ်တယ်။ ဒါနဲ့ စမ်းသပ်လုပ်ဆောင်ကြည့်ဦးမှာပါ။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ အဆင့်လေးခုနဲ့ လုပ်ဆောင်သွားဖို့ရှိပါတယ်။ အဆင့်(၁)ကတော့ ပိုင်ဆိုင်မှုစနစ်ကို ပြောင်းတာဖြစ်တယ်။ တစ်ဦးချင်းပိုင်ကနေ ပြီးတော့ အခုလို အစုအဖွဲ့ပိုင်ပေါ့။ အဲဒီကနေ အများပိုင်ဖြစ်အောင် ပြောင်းလဲဖို့ကိုလည်း လုပ်ဆောင်သွားမှာ ဖြစ်တယ်။ ဒုတိယအဆင့်ကတော့ ပြေးတဲ့စနစ်ပေါ့။ ပြေးတဲ့အဆင့်မှာ ဟိုတုန်းကလို လိုင်းတစ်လိုင်းမှာ ကားတွေအများကြီးမရှိတော့ဘူး။ အဓိကလမ်းမှာ လိုင်းတစ်လိုင်းရှိမယ်။ ဖြတ်တဲ့လမ်းတွေတော့ ရှိဦးမှာပေါ့။ အရင်လို ယာဉ်လိုင်းတွေ မများတော့ဘဲ လျှော့ချတဲ့ သဘောပေါ့။ တတိယအအဆင့်ကတော့ စီမံအုပ်ချုပ်တဲ့စနစ်ပြောင်းသွားမယ်။ အရင်က မထသကနေ တာဝန်ယူတယ်။ အခုကတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က တာဝန်ယူမှာဖြစ်တယ်။ အရင်လို လုံးဝအဖြစ်ခံတော့မှာ မဟုတ်ဘူး။ နောက်ဆုံးအဆင့်ကတော့ အခုအသုံးပြုနေတဲ့ ကားတချို့က အတော်လေး ဟောင်းနွမ်းနေပြီ။ သိသလောက်ဆိုရင် မှတ်ပုံတင်ထားတာ ခုနစ်ထောင်ကျော်ရှိတယ်။ တကယ်ပြေးတာက ၄၀၀၀ ကျော်လောက်မှာ ၂၀၀၀ လောက်က တော်တော်ကို ဟောင်းနွမ်းနေပြီ။ ပြောရရင် နှစ်ပေါင်း ၂၀ ကျော်နေပြီ။ ဒါတွေကို အစားထိုးပြောင်းလဲပြေးဆွဲတာ ဖြစ်တယ်။

**မေး - အခုလို ပြောင်းလဲမှုအပေါ်မှာ တချို့ကားတွေကတော့ ဆရာတို့လိုင်းတွေကို ပြန်ဝင်လို့ရတယ်လို့ သိရတယ်။ ပြန်ဝင်လို့မရတဲ့ ဘီအမ်တို့၊ ဒိုင်နာဟောင်းနွမ်းနေတဲ့ ကားတို့ကျတော့ရော ဘယ်လိုစီမံထားပါသလဲ။**

ဖြေ - အခု စနစ်သစ်ပြောင်းလဲပြေးဆွဲတာက ရန်ကုန်မြို့ရဲ့ စည်ပင်နယ်နိမိတ်အတွင်းပါ။ ပြန်ဝင်လို့မရတဲ့ ကားတွေရှိရင် စလစ်အသစ်ပြောင်းလဲပေးတာတို့၊ စည်ပင်နယ်နိမိတ်အပြင် ယာဉ်လိုင်းတွေမှာ ဝင်ရောက်ဆွဲတာတို့၊ ရန်ကုန်စည်ပင်နယ်နိမိတ် ပြင်ပနဲ့ ဆက်စပ်ယာဉ်လိုင်းတွေနဲ့ ဆက်ပြီးတော့ ဆွဲလို့ရပါတယ်။ ဒါပေမယ့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အစည်းရဲ့အောက်မှာ ခရိုင်လေးခုရှိတယ်။ အဲဒီအောက်မှာတော့ ကြီးကြပ်မှုခံယူရမှာ ဖြစ်ပါတယ်။

**မေး - ဆရာတို့အနေနဲ့ စတင်ပြေးဆွဲမယ့် ဇန်နဝါရီ ၁၆ ရက်မှာ အစီးရေဘယ်လောက်နဲ့ စတင်ပြေးဆွဲဖြစ်မလဲ။ ကာလအပိုင်းအခြားရော ဘယ်လိုသတ်မှတ်ပြေးဆွဲသွားမှာလဲ။**

ဖြေ - စတင်ပြေးဆွဲမယ့် ဇန်နဝါရီ ၁၆ ရက်မှာ ယာဉ်အစီးရေ သိပ်လျှော့ဖို့တော့ မရှိပါဘူး။ အနည်းဆုံးတော့ ပြေးဆွဲပေးမယ့် ယာဉ်အစီးရေ ၃၀၀၀ ကျော်မှာပါ။ အဲဒီနေ့မှာ နိုင်ငံတကာလို ပြောင်းသင့်တဲ့နေရာမှာတော့ ပြောင်းစီးရမှာပေါ့။ အခြေပြုတဲ့ လမ်းတော်တော်များများကိုတော့ အရှည်ဆွဲထားတာ ရှိပါတယ်။ သေချာတာကတော့ လိုင်းတွေအားလုံးတော့ မြို့ထဲကို မရောက်ဘူး။ ရောက်ရင်လည်း နဂိုအတိုင်း စုပုံကျပ်သွားမှာပဲ။ စနစ်ပြောင်းတာ ဘာမှမထူးဘူးဖြစ်သွားမယ်။ ပြေးဆွဲမယ့်အချိန်ကိုတော့ တချို့လိုင်းတွေ နံနက် ၅ နာရီစဆွဲမယ်။ တချို့ကို နံနက် ၆ နာရီပေါ့။ ညဆိုရင်လည်း မြို့လယ်ကနေ ည ၉ နာရီခွဲ ၁၀ နာရီအထိ ထွက်တဲ့ကားရှိနေမယ်။ အဲဒီလို စီမံထားတယ်။ အရင်ထက်စာရင် နံနက်စောစော၊ ညပိုင်းဆို နောက်ကျတဲ့အထိ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေမယ်။ အခုလို အောက်ဆိုက်ကား လုံးဝမရှိစေရပါဘူး။ မှတ်တိုင်မှာ ကားအကြာကြီးရပ်၊ ခရီးသည်တွေဆီက ပိုတောင်းတာတို့၊ လမ်းကြောင်းပြောင်းမောင်းတာတို့ တခြားပြဿနာတွေ လုံးဝပျောက်သွားမှာ ဖြစ်တယ်။

**မေး - ဒီပြောင်းလဲပြေးဆွဲမယ့် စနစ်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ပြည်သူကို ဘာပြောချင်ပါသေးသလဲ။**

ဖြေ - ဒီစနစ်ဟာ ရန်ကုန်မြို့ကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ပိုမိုကောင်းမွန်ဖို့ လုပ်ခြင်းဖြစ်ပါတယ်။ ဒါဟာ အရေးကြီးတဲ့အတွက် ဘတ်စ်ကားစနစ်ပိုကောင်းအောင် အရင်ကစနစ်ကို ပြင်ဆင်တာပါ။ ပိုင်ဆိုင်မှုစနစ်ကိုလည်း ပြင်တယ်။ ပြေးဆွဲမှုစနစ်ကိုလည်း ပြင်တယ်။ အုပ်ချုပ်မှုစနစ်ကိုလည်း ပြင်တယ်။ ကားအို ကားဟောင်း ဒါတွေကိုလည်း ပြင်တာဖြစ်တဲ့အတွက် အစပိုင်းမှာတော့ အခက်အခဲတွေ အများကြီးရှိမှာပါ။ လိုအပ်ချက်တွေလည်း အများကြီးရှိမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပထမပိုင်းတော့ အများကြီး သည်းခံပေးကြပါ။ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို လက်တွေ့ဖြေရှင်းပေးမှာ ဖြစ်ပါတယ်။ သေချာပေါက်ပြောနိုင်တာက ကာလရှည်မှာ တကယ့်ကို ဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်လာမှာပဲ။ ပြည်သူတွေအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရမှု ရှိလာမယ်။ ဒုတိယကတော့ သက်သောင့်သက်သာရှိပြီးတော့ အဆင်ပြေတဲ့စနစ် ဖြစ်လာမယ်။ ယာဉ်စီးခပိုတောင်းတာ၊ လမ်းကြောင်းပြောင်းတာ၊ ဖြတ်တာ၊ ခရီးသွားပြည်သူကိုယာဉ်အကူတွေကပြဿနာရှာတာတို့ လုံးဝပျောက်သွားမှာ ဖြစ်တယ်။ ဒါတွေ ပျောက်သွားဖို့လည်း အာမခံနိုင်ပါတယ်။ အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်မယ်ဆိုတာ တထစ်ချယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဒီစနစ်အပေါ်မှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။

## နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးအပ်




**နေပြည်တော် ဇန်နဝါရီ ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ မိသားစုများအား လူသားချင်းစာနာထောက်ထားမှုအကူအညီရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်က မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ မိသားစုများအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ အိမ်ထောင်စု စုစုပေါင်း ၁၆၄၂၄ စု လူဦးရေ စုစုပေါင်း ၁၃၉၇၄၅ ဦးအတွက် ဆန်အိတ် ၄၀၀၀၊ ဆီ ၈၂၁၂ ပိဿာ၊ ဆား ၈၂၁၂ ပိဿာ၊ ပဲ ၈၂၁၂ နှင့် ငါးခြောက် ပိဿာ ၄၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မစ္စ ရန်ဟီလီနှင့်အဖွဲ့ မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်မိသားစုများအား တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ IDP စခန်းများမှ စစ်ဘေးရှောင်မိသားစုများနှင့် တွေ့ဆုံသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်းနားနှစ်ခြင်းခရစ်ယာန်အသင်းတော် ဖွံ့ဖြိုးရေးဝင်းအတွင်းရှိ စစ်ဘေးရှောင်စခန်းနှင့် မိုင်းနား RC အသင်းတော်ဝင်းအတွင်းရှိ စစ်ဘေးရှောင်စခန်းများသို့ သွားရောက်ပြီး မိသားစုများအား တွေ့ဆုံအားပေးကာ စစ်ဘေးရှောင်စခန်း နေအိမ်များကို လှည့်လည်ကြည့်ရှုပြီး မိသားစုဝင်တချို့နှင့် သီးခြားတွေ့ဆုံသည်။

**(အောက်ပုံ)**

မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက် RC အသင်းတော် စစ်ဘေးရှောင်စခန်းသို့သွားရောက်ပြီး စစ်ဘေးရှောင် မိသားစုဝင်တချို့နှင့် သီးခြားတွေ့ဆုံကာ မိသားစုများအား တွေ့ဆုံ အားပေးသည်။

ထို့နောက် မစ္စ ရန်ဟီလီသည် မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**(ပြည်နယ် ပြန် /ဆက်)**



# ပညာ့အလင်းရောင် ထွန်းလင်းလာမည့် တောင်ကုတ်ဒီဂရီကောလိပ်

"ကျွန်တော်ကိုယ်တိုင် ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့ပေမယ့် တစ်လကို ငွေကျပ်၄၀၀ လောက် မသုံးနိုင်လို့ တက္ကသိုလ်မတက်ခဲ့ရပါဘူး"ဟု တောင်ကုတ်သားကြီး ဦးကျော်တောင်က ပြောပါတယ်။

"ဒီကျောင်းကို ဒီအဆင့်ထိရောက်အောင် အတော်ကြိုးစားခဲ့ရပါတယ်။ အဲဒါတွေထဲက မြေနေရာရရှိမှုအပိုင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခက်အခဲရှိတဲ့အတွက် တောင်ကုတ်မြို့သူမြို့သားတွေက မြေ ၂၆၄ ဧကကို လှူဒါန်းခဲ့ကြပါတယ်။ အခုလို ကျောင်းဖြစ်ထွန်းပေါ်ပေါက်လာတဲ့အတွက် အလွန်ဝမ်းသာပျော်ရွှင်ရပါတယ်"ဟု ဦးကျော်တောင်က ပြောပါတယ်။

သူ့အနေဖြင့် ဘာကြောင့်ပျော်ရွှင်ရသည်ကိုလည်း အခုလိုပြောပြပါတယ်။

"ကျွန်တော်တို့ ကျောင်းစနေတဲ့အရွယ်မှာ တက္ကသိုလ်တက်ဖို့ဆိုတာ မှန်းဆလို့မရခဲ့ပါဘူး။ သွားရေးလာရေးကလည်း ခက်တယ်၊ တစ်ဖက်ကလည်း ငွေကြေးချို့တဲ့ တဲ့အတွက် ဒေသကလူတွေဟာ စစ်တွေမြို့ကိုသွားပြီး ပညာသင်ကြားဖို့အတွက် အတော်အခက်အခဲရှိခဲ့ကြပါတယ်။ ဒီနေ့တောင်ကုတ်ဒီဂရီကောလိပ် ဖွင့်လိုက်တဲ့အခါမှာ တောင်ကုတ်သာမက အနီးပတ်ဝန်းကျင်က ပညာလိုလားကြသူတွေအနေနဲ့ အခက်အခဲမရှိ သင်ယူလာနိုင်ပါပြီ။

အခုဆိုရင် မာန်အောင်ကနေ နေ့ချင်းပေါက် သင်္ဘောနဲ့ ၂ နာရီစီးပြီး ပညာလာရောက်သင်ယူနိုင်ပါပြီ။ ရမ်းဗြဲနဲ့ အမ်းက ၂ နာရီခွဲ၊ သံတွဲက တစ်နာရီခွဲ၊ ကျောက်ဖြူက ၄ နာရီခွဲနဲ့ ဂွက ၆ နာရီခွဲ ကားစီးပြီး လာရောက်သင်ကြားနိုင်ကြပါပြီ။ အခုလို သက်သက်သာသာနဲ့ တက္ကသိုလ်ပညာကို လာရောက်သင်ယူခွင့်ရတဲ့ ဒီကလေးတွေအတွက် အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ငယ်စဉ်တုန်းက ဒီတက္ကသိုလ်တက်ဖို့ဆိုတာ အတော်အခက်အခဲရှိပါတယ်။ ဒါပေမယ့် မျိုးဆက်သစ်တွေက အိုးမကွာ၊ အိမ်မကွာဘဲ နီးနီးနားနားမှာလာပြီးတော့ တက်ခွင့်ရကြပါပြီ။

အရင်တုန်းကဆိုရင် စစ်တွေမှာ သွားတက်မယ်ဆိုရင် ပင်လယ်ကြီးကို ဖြတ်ပြီးသွားခဲ့ရပါတယ်။ အထူးသဖြင့် မာန်အောင်၊ ရမ်းဗြဲနဲ့အမ်းတို့လို ဒေသတွေက တအားခက်ခဲပါတယ်။ ဥပမာ သားသမီးနေမကောင်းလို့ လိုက်လာဖို့ဆိုတာ အခက်အခဲရှိပါတယ်။ အခုနီးနီးနားနားပဲ သောကြာနေ့ပြန်၊ တနင်္လာနေ့မှ ပြန်လာပြီး ကျောင်းတက်နိုင်တဲ့အတွက် ကလေးတွေလည်း ပညာသင်ကြားမှုအပိုင်းမှာ အများကြီးအားတက်နေကြပါပြီ။ ဒါကြောင့် မိဘတွေအနေနဲ့ ငွေကြေးအခက်အခဲသိပ်မရှိတော့ပါဘူး။ အရင်တုန်းက နွားရောင်း၊ လယ်ရောင်းပြီး ပညာသင်ကြားခဲ့ရပါတယ်။ အခု ဒီလိုဖွင့်လှစ်နိုင်တဲ့အတွက် နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်လည်း ကျွန်တော်တို့ အများကြီး အားရှိသွားပါပြီ၊ ဒီအတွက်ကို ပြောပြမတတ်အောင် ဝမ်းသာပါတယ်"ဟု ပီတိမျက်ရည်စများဖြင့် ဦးကျော်တောင်က ဆိုပါတယ်။

ကောလိပ်မှ ဒီဂရီကောလိပ်အဆင့် မတိုးမြှင့်နိုင်စဉ်က တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်သင်ယူရမည့်အရေးအတွက် စိုးရိမ်ပူပန်ခဲ့သူ ကောလိပ်ကျောင်းသူတစ်ဦးရဲ့စကားသံကိုလည်း အခုလို ကြားသိခဲ့ရပါတယ်။


မဖြိုးဖြိုးစံ

"ကျွန်မက ပထမနှစ် ဓာတုဗေဒဘာသာရပ်ကို တက်ရောက်နေပါတယ်။ ကိုယ့်ရှေ့က စီနီယာတွေတုန်းက ကောလိပ်အဆင့်ဆိုတော့ နောက်ဆုံးနှစ်ရောက်ရင် စစ်တွေတက္ကသိုလ်သွားပြီး တက်ရတာတွေရှိခဲ့ပါတယ်။ အဲဒီအတွက် အိမ်အခြေအနေအရ ဆက်တက်နိုင်ဖို့ကို အတော်တွေးပြီး စိတ်ပူခဲ့ရပါတယ်။ အခုဒီဂရီကောလိပ်ရပြီမို့ စာကို ပိုမိုအာရုံစိုက်သင်ကြားနိုင်တော့မှာပါ"ဟု မဖြိုးဖြိုးစံက ပြောပါတယ်။

မြေနေရာအဆင်ပြေသည့်အတွက် ပညာရေးဝန်ကြီးဌာနကလည်း ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှာ ပထမနှစ်ကနေ ဒုတိယနှစ်ဂုဏ်ထူးတန်းအထိ အောင်ချက်ရာခိုင်နှုန်း ၈၉ ဒသမ ၃၀ ရာခိုင်နှုန်းရှိတဲ့ တောင်ကုတ်ဒီဂရီကောလိပ်မှာ ပါမောက္ခချုပ်ဦးအပါအဝင် ဆရာ ဆရာမ ၈၉ ဦးကို တာဝန်ပေးခန့်ထားကြောင်း သိရပါတယ်။ ဆရာ ဆရာမ ၈၉ ဦးအနက် ပါရဂူဘွဲ့ရ ဆရာ ဆရာမ ၂၉ ဦးနဲ့ ပါရဂူဘွဲ့သင်တန်းတက်နေဆဲ ဆရာ ဆရာမငါးဦးလည်း ပါဝင်တယ်လို့ ပညာရေးဝန်ကြီးဌာနက ကြားသိရပါတယ်။

တောင်ကုတ် ဒီဂရီကောလိပ်မှာ မြန်မာ၊ သချ်ာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုဘာသာရပ်ရှစ်ခုကို သင်ကြားပေးနေတဲ့အပြင် ဒေသနဲ့လိုက်လျောညီထွေဖြစ်မယ့် အဏ္ဏဝါသိပ္ပံပညာရပ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အထူးပြုဘာသာရပ်တွေကို ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ သင်တန်းများဖွင့်လှစ်နိုင်အောင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆက်လက်ကြိုးပမ်းအားထုတ်သွားမယ်လို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောပါတယ်။

ဒါ့အပြင် ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေနဲ့ အဆင့်မြင့်ပညာကဏ္ဍမှာ ဘွဲ့ရလူငယ်မောင်မယ်တွေကို ဒေသရဲ့လိုအပ်ချက်နဲ့ လိုက်လျောညီထွေဖြစ်သော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ ဇန်နဝါရီ ၈ ရက်က ကျင်းပတဲ့ တောင်ကုတ်ဒီဂရီကောလိပ် ဖွင့်ပွဲမှာ ဆိုပါတယ်။

တောင်ကုတ် ဒီဂရီကောလိပ်ရဲ့ သင်ကြားရေးအပိုင်းမှာလည်း လက်တွေ့ဘဝနယ်ပယ်နဲ့ နီးစပ်နိုင်သမျှနီးစပ်အောင်၊ ဒီဒေသရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့ ဘွဲ့ရလူငယ်မောင်မယ်များ ဖြစ်အောင် ပညာရေးဌာနအနေနဲ့ ကျောင်းအုပ်ကြီးအပါအဝင် ဆရာဆရာမများနဲ့ ပူးပေါင်းပြီး ဆက်လက်စီစဉ်ဆောင်ရွက်သွားမယ်လို့ ကြားသိရပါတယ်။

ဒါ့အပြင် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်ရာမှာ ရိုးသားသောသူများ၊ ကြိုးစားသောသူများ၊ တည်ငြိမ်ပြီး ပညာရည်ပြည့်ဝတဲ့ ကျောင်းသား ကျောင်းသူများဖြစ်အောင် ဆက်လက်ပျိုးထောင်သလို ဒီဂရီကောလိပ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာလည်း ဆရာဆရာမများနဲ့အတူ ကောလိပ်ကျောင်းသား ကျောင်းသူများရဲ့ပူးပေါင်းပါဝင်မှုနဲ့ ကျောင်းသားကျောင်းသူများရဲ့ အရည်အသွေးမြင့်မားရေးအတွက် အားကစားပြိုင်ပွဲများ၊ အနုပညာဖျော်ဖြေပွဲများ၊ စကားရည်လုပြိုင်ပွဲတွေကို ဖော်ဆောင်သွားမယ်လို့ သိရပါတယ်။

တောင်ကုတ်ဇာတိ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကလည်း "နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်မယ်ဆိုရင် တက္ကသိုလ်ကောလိပ် ကျောင်းသူကျောင်းသားတွေရဲ့ အခန်းကဏ္ဍကို မေ့ထားလို့မရပါဘူး။ ကျွန်တော်တို့အားလုံးအတွက် အင်မတန်မှ အရေးကြီးတဲ့ တန်ဖိုးထားရမယ့် အခန်းကဏ္ဍဖြစ်ပါတယ်။ ယနေ့ခေတ်ကြီးဟာ ပညာခေတ်ဖြစ်ပြီး ပညာရဲ့ စွမ်းပကားဟာ အင်မတန်ကြီးတဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ ပညာတတ်များနဲ့ ဦးဆောင်နိုင်မှသာ နိုင်ငံက ရှေ့တန်းကိုရောက်မှာဖြစ်ပါတယ်။ ပညာတတ်များ ဦးဆောင်နိုင်ဖို့ အထူးအရေးကြီးပါတယ်"လို့ ပြောပါတယ်။

ရခိုင်ပြည်နယ်ရဲ့ ရေမြေအနေအထားအရ ကူးသန်းသွားလာရေးအပိုင်းမှာ ကားတစ်တန်၊ လှေတစ်တန်နဲ့ သွားလာကြရတဲ့အပြင် မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ တစ်ခုအပါအဝင်ဖြစ်တာမို့ ရွှေငွေတို့ထက် တန်ဖိုးရှိတဲ့ပညာအမွေကို ရခိုင်ပြည်နယ် တောင်ပိုင်းဒေသအတွက် အစိုးရနဲ့ ပြည်သူကြည်ဖြူစွာ လက်တွဲဖော်ဆောင်ခဲ့ပါပြီ။ ဒီ တောင်ကုတ်ဒီဂရီကောလိပ်ကြီးမှတစ်ဆင့် မဝေးတော့တဲ့အနာဂတ်မှာ ပညာအလင်းရောင် ထိန်ထိန်ညီးညီး ထွန်းလင်းလာမည်ကို တွေ့မြင်ရတော့မှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

**သူရဇော်(သတင်းစဉ်)**

## တရားမဝင် ရွှေသတ္တုတူးဖော်သူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဟွေ့လှမ်းကျေးရွာအနီးတစ်ဝိုက်၌ တရားမဝင် ရွှေသတ္တုတူးဖော်လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ နံနက် ၄ နာရီခန့်က တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းရာ ဟွေ့လှမ်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ တရားမဝင်ရွှေသတ္တုတူးဖော်နေသော တစ်ဖက်နိုင်ငံသားရှစ်ဦးနှင့် မြန်မာနိုင်ငံသား ၂၀ တို့ကို ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဘက်ဟိုးသုံးစီး၊ ဒိုဇာတစ်စီး၊ မြေသယ်ယာဉ်သုံးစီး၊ မော်တော်ယာဉ်တစ်စီး၊ ရေစုပ်စက်သုံးလုံး၊ မီးစက်တစ်လုံး၊ လူနေတဲသုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်ရှိ ငါးဖမ်းရေယာဉ်များအား မှတ်ပုံတင်ပေးမည်

**မောင်တော ဇန်နဝါရီ ၁၀**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့မှုကြောင့် ရပ်နားထားရသော ငါးဖမ်းရေယာဉ်များအား ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များနှင့် ရေယာဉ်မှတ်ပုံတင်များ ကျေးရွာအရောက် ကွင်းဆင်းပြုလုပ်ပေးရေး ညှိနှိုင်းအစည်းအဝေးကို မောင်တောမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက် အခြေစိုက်နယ်မြေများရှိ ငါးဖမ်းစက်လှေများကို ပြည်နယ်ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်အာမခံလုပ်ငန်း၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းကို စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်တို့၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ မောင်တောမြို့နယ် အတွင်းရှိ အလယ်သံကျော်နယ်မြေအတွင်း မှတ်ပုံတင်ပေးရေးနှင့် ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များ ကျေးရွာအရောက်ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်းရှိ ငါးဖမ်းစက်လှေများ၌ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိသည့် ကမ်းနီးငါးဖမ်းရေယာဉ်အစင်းရေ ၃၀၀ ကျော်ရှိကာ တစ်ပိုင်တစ်နိုင် ငါးဖမ်းစက်လှေအစင်းရေ ၁၃၀၀ ကျော်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းမှ အဓိက ထုတ်လုပ်ရခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးမှု၏ လေးပုံသုံးပုံခန့်မှာ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်းမှ ရရှိနေခြင်းကြောင့် မောင်တောဒေသအတွင်း ငါးဖမ်းလုပ်ငန်းသည် ဒေသခံများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ကာ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များကြောင့် ငါးဖမ်းဆီးမှုလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ယခုအခါ ဒေသခံများ ဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိရေး ငါးဖမ်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် ဒေသအာဏာပိုင်များ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောကြားသည်။

ယခုလက်ရှိ မောင်တောဒေသအတွင်း တည်ငြိမ်လာပြီဖြစ်သည့်အတွက် ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပထမဦးစွာ ငါးဖမ်းစက်လှေများ အသိအမှတ်ပြုလိုင်စင်များ အချိန်တိုအတွင်းထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သည့်အခါ ဖမ်းဆီးရမိသောငါးများကို ပြည်ပသို့ရောင်းချခြင်းမပြုရေး တားမြစ်ထားပြီး ပြည်တွင်းစားသုံးမှုဖူလုံမှုသာ ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်ရေး ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်လိုင်စင်ပြုလုပ်ပြီး လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးပြီး အသစ်မှတ်ပုံတင်ပြုလုပ်ရန်နှင့် ငါးဖမ်းခွင့်လိုင်စင်များပြုလုပ်ရန်အတွက် အလျား၊ အနံ၊ ဇောက်တိုင်းတာပြီး အင်ဂျင်ပါဝါ မြင်းကောင်ရေ ၂၀ အောက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ကာ မြင်းကောင်ရေ ၂၀ အထက်ဖြစ်ပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေယာဉ်လိုင်စင် ဆောင်ရွက်ပေးပြီးပါက တစ်နှစ်ခွင့်ပြုပေးထားပြီး လိုင်စင်ထုတ်ပေးထားသော ရေယာဉ်များကိုလည်း စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေယာဉ်လိုင်စင်ပြုလုပ်ရေးအတွက် သတ်မှတ်ချက်များနှင့် ပတ်သက်၍ ပြည်နယ်ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက "ကျွန်တော်တို့အဖွဲ့အနေနဲ့ မြင်းကောင်ရေ ၂၀ အထက် ငါးဖမ်းရေယာဉ်ရော၊ ရိုးရိုးငါးဖမ်းရေယာဉ်တွေနဲ့ လိုင်စင်နဂိုရှိပြီးသား ရေယာဉ်တွေကိုပါ သက်တမ်းတိုးပေးတယ်။ လိုင်စင်မရှိသေးတဲ့ ရေယာဉ်တွေကို တိုင်းတာစစ်ဆေး မှတ်ပုံတင်ပေးပါတယ်။ ဇန်နဝါရီ ၁၁ ရက်နဲ့ ၁၂ ရက်မှာ မောင်တောမြို့နယ် မောင်နီရွာကို စဆင်းပါမယ်။ အဲဒီနောက်မှာ ညောင်ပင်ကြီး၊ အလယ်သံကျော်၊ မြင်းလွတ်ရွာတွေကို သွားပြီးတော့ ကွင်းဆင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ ခန့်မှန်းရေယာဉ်အစင်းရေ ၃၀၀ ကျော်အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ငါးဖမ်းရေယာဉ်များကို ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များနှင့် ရေယာဉ်မှတ်ပုံတင်များကို စစ်တွေမြို့နယ် သဲချောင်းနယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် ရေယာဉ်အစင်းရေ ၁၂၈ စင်းအတွက် လည်းကောင်း၊ မြင်းကောင်ရေ ၂၀ အောက် ၇၆ စင်းအတွက်လည်းကောင်း၊ စစ်တွေမြို့နယ် ဗေဒါနယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် ၅၃ စင်းအတွက် လည်းကောင်း၊ ပေါက်တောမြို့နယ် ဆင်တက်မော်၊ စစ်ကဲပြင်၊ အနောက်ရဲနယ်မြေများရှိ မြင်းကောင်ရေ ၂၀ အထက် ၁၄၂ စင်းနှင့် မြင်းကောင်ရေ ၂၀ အောက် ရေယာဉ် ၁၀၃ စင်းအတွက် လည်းကောင်း၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်နယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် အစင်း ၇၀ နှင့် မြင်းကောင်ရေ ၂၀အောက် ၁၂၅ စင်းကိုလည်းကောင်း စုစုပေါင်း မြင်းကောင်ရေ ၂၀ အထက် ၁၁၁ စင်းနှင့် မြင်းကောင်ရေ ၂၀ အောက် ၁၀၈ စင်းအတွက် သက်တမ်းတိုးခြင်းနှင့် အသစ်ဆောင်ရွက်ခြင်းများ ပြုလုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သီဟစည်သူ**



**အလယ်သံကျော်ကျေးရွာအနီး ရပ်နားထားသော ငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်**

# ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု ၁၃၀ ဖြစ်ပွားခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၀**
မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ဦးစားပေးအစီအစဉ်အဖြစ် ထားရှိ၍ စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူကုန်တားဆီးကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းခြင်း၊ လူကုန်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ အမျိုးသား ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခြင်း၊ မဲခေါင်ခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် ပြည်ပရောက် တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများ ကာကွယ်စောင့်ရှောက်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှု ပပျောက်စေရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးအတွက် ကုလသမဂ္ဂနှင့်ပူးပေါင်း၍ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခွင့်ပြုခြင်း စသည့် ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော်ဆောင်၍ လူကုန်ကူးမှု တားဆီးရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လူကုန်ကူးမှုတားဆီးရေး လုပ်ငန်းများကို အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ဝိသမ စီးပွားရေးသမားများ၏ လူမဆန်စွာ လုပ်ကိုင်မှုများကြောင့် လူအချင်းချင်း ရောင်းစားသော လူကုန်ကူးမှုများဖြစ်ပွားလျက်ရှိသည်။ အချို့မှာလည်း စီးပွားရေး အဆင်မပြေမှု၊ ရိုးသားဖြူစင်မှုများကို အခွင့်ကောင်းယူ၍မက်လုံးပေး စည်းရုံးဆွဲဆောင်ကာ လူပွဲစားများလက်ထဲမှ ရောင်းစားခံရသည့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိကြသည်။

ဤကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်၊ လူပွဲစားများ၏ လုပ်ဆောင်မှုကြောင့် လူကုန်ကူးမှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု ၁၃၀ ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၄ မှု၊ မန္တလေးတိုင်းဒေသကြီး၌ ကိုးမှု၊ ပဲခူးတိုင်းဒေသကြီး၌ တစ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ နှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီး၌ တစ်မှု၊ မကွေးတိုင်းဒေသကြီး၌ သုံးမှု၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၁ မှု၊ ကရင်ပြည်နယ်၌ ငါးမှု၊ မွန်ပြည်နယ်၌ ခုနစ်မှု၊ ရခိုင်ပြည်နယ်၌ ရှစ်မှု၊ ကချင်ပြည်နယ်၌ ၁၂ မှု၊ ရှမ်းပြည်နယ်၌ ၄၇ မှု ဖြစ်ပွားခဲ့သည်။

ပြစ်မှုကျူးလွန်သော တရားခံ အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၁၄၉ ဦး စုစုပေါင်း ၂၃၀ဦး ဖမ်းဆီးရမိခဲ့သည်။ တရားခံပြေးအနေဖြင့် အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၁၀၈ ဦး စုစုပေါင်း ၁၇၅ ဦး ရှိခဲ့ပြီး ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

တစ်နှစ်လုံး လူကုန်ကူးခံရသူပေါင်း ၃၀၅ ဦးရှိခဲ့ရာ ၂၅၄ ဦးကို ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ၅၁ ဦးကို ပြန်လည်ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။ လူကုန်ကူးခံရသည့်အမျိုးအစားမှာ လူကြီး ၂၂၆ ဦး၊ လူငယ် ၃၈ ဦး၊ ကလေး ၄၁ ဦး ဖြစ်သည်။

လူကုန်ကူးခံရသည့် ဦးတည်ရာနိုင်ငံများမှာ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ပြည်တွင်း၌လည်း ဖြစ်ပွားသည်။ ဦးတည်ရာ နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ လူကုန်ကူးမှု ၈၈ မှု၊ ထိုင်းနိုင်ငံသို့ ကိုးမှု၊ မလေးရှားနိုင်ငံသို့ ခြောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးခံရသူများတွင် အဓမ္မလက်ထပ်စေခိုင်းမှု ၈၅ မှု၊ အဓမ္မခိုင်းစေမှု ၃၁ မှု၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေမှု ၁၂ မှု၊ ကြွေးမြီအတွက် တစ်မှု၊ ကလေးမွေးစားမှု တစ်မှုဖြစ်သည်။

သို့ပါ၍ ပြည်သူများအနေဖြင့် လူအချင်းချင်း ရောင်းစားကြသော လူပွဲစားများကို သတိ၊ အသိနှင့်ယှဉ်၍ ရှောင်ရှားကြရန်နှင့် မိမိ၏ပတ်ဝန်းကျင်၌ အဆိုပါ လူပွဲစားများ တွေ့ရှိ/ သိရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး အကြောင်းကြားစေရန် တိုက်တွန်းအပ်ပါသည်။ **သန်းဦး(လေးမျက်နှာ)**

# လာမည့်လေးနှစ်အတွင်း လူငယ်များအတွက် အလုပ်အကိုင်နေရာပေါင်းတစ်သန်း လိုအပ်နေ

**နေပြည်တော် ဇန်နဝါရီ ၁၀**
အသစ်ထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာ့လူဦးရေတွင် လူငယ်အများစုဖြစ်နေကြသည်။ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ၏ သတင်းထုတ်ပြန်ချက်အရ လူဦးရေအကျိုးအမြတ်အားသာချက်သည်'အာရှနဂါး'ဟု တင်စားခေါ်ဝေါ်ကြသည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားသော အာရှနိုင်ငံများ၌ စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေသည့် အဓိကအကြောင်းခြင်းရာတစ်ခုဖြစ်သည်။

အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိလူဦးရေက အခြားသောလူဦးရေအမျိုးအစားများ (အလုပ်လုပ်ကိုင်နိုင်သောအရွယ်ထက် ကြီးရင့်သူ/ ငယ်သူ) ထက်များပြားနေခြင်းသည် ထူးခြားသောအခြေအနေ အခွင့်အလမ်းတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ သို့ရာတွင် အာရှကျားတစ်ကောင်ဖြစ်လာရန်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် မွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများ အများအပြားလျော့ကျသွားရန်လိုအပ်ပြီး မြန်မာနိုင်ငံ၌ လူဦးရေပြောင်းလဲမှုသည် ပို၍ ဖြည်းညင်းစွာ ပြောင်းလဲလျက်ရှိကြောင်း သိရသည်။ အသစ်ထွက်ရှိလာသော လူဦးရေကြိုတင်ခန့်မှန်းတွက်ချက်မှုများအရ လာမည့် ၃၅ နှစ်အတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေ ၁၀၀ လျှင် ကလေးသူငယ်များနှင့် အသက်အရွယ်ကြီးရင့်သူများပါဝင်သော မှီခိုသူဦးရေ ၅၂ ဒသမ ၅ ဦး အချိုးအစားဖြင့် ရှိနေမည်ဖြစ်ကြောင်း၊ ထိုင်း၊ စင်ကာပူနှင့် တရုတ်နိုင်ငံများ၌မူ အလုပ်လုပ်ကိုင်သူ ၁၀၀ လျှင် မှီခိုသူဦးရေ ၄၀ နှုန်းအောက် ရှိနေကြောင်း UNFPA သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဖော်ပြပါတွေ့ရှိချက်များကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ လူဦးရေအခြေပြအစီရင်ခံစာမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံက ရရှိထားသည့် လူဦးရေဆိုင်ရာအကျိုးအမြတ်သည် ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံများကဲ့သို့ သိသာစွာ ဖြစ်ပေါ်နေခြင်းမရှိကြောင်း တွေ့ရှိရသည်။ တစ်ဖက်တွင်လည်း မြန်မာ့လူဦးရေဆိုင်ရာ အကျိုးအမြတ်သည် ကာလပိုမိုရှည်ကြာစွာ တည်ရှိနေမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် လူဦးရေဆိုင်ရာအကျိုးအမြတ်ကို အထိုက်အလျောက် ရရှိခံစားရနိုင်သော်လည်း ထိုသို့ဖြစ်လာစေရန်မှာ လူငယ်များသည် မိသားစုစီမံကိန်းများချမှတ်ရာတွင် ပိုမိုပါဝင်ခွင့်ရရှိရေး၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုလက်လှမ်းမီစေရေး၊ မသင်မနေရပညာရေးစနစ်ကို လက်လှမ်းမီစေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုသင်ယူခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်သည့် စီးပွားရေးအခြေအနေများရရှိစေရေး စသည့် အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် လူငယ်များအတွက် ရည်ရွယ်ချမှတ်ရေးဆွဲထားသည့် မူဝါဒများ၊ ပါဝင်ဆောင်ရွက်ပေးမှုများလိုအပ်နေကြောင်း၊ နောက်လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ များပြားသော လူငယ်ထုကြီးအတွက် အလုပ်အကိုင်နေရာသစ်ပေါင်း တစ်သန်းလိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကာလအတွင်း လက်ရှိလုပ်သားအင်အားပမာဏအတိုင်း ရှိနေစေရန်အတွက် အလုပ်အကိုင်နေရာအသစ် ၃ ဒသမ ၇ သန်း လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိအချိန်ဟာ လူငယ်တွေအနာဂတ်အတွက် အလုပ်အကိုင်၊ ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းမှုပညာသင်တန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့အကောင်းဆုံးအချိန်ပါပဲ။ အလုပ်အကိုင် အခွင့်အလမ်းအသစ်တွေ ရှိမလာဘူးဆိုရင် လူငယ်တွေ အလုပ်လက်မဲ့ဖြစ်ပြီး သူတို့နေထိုင်တဲ့ လူမှုအသိုင်းအဝိုင်းအတွင်းမှာ အသိအမှတ်ပြုမခံရတာတွေဖြစ်ပြီး မကျေနပ်ချက်တွေ တိုးပွားလာစေနိုင်ပါတယ်။ အလုပ်အကိုင်နေရာသစ် သန်းပေါင်းများစွာ ဖန်တီးမပေးနိုင်ရင် လူဦးရေအချိုးအစားကနေရနိုင်တဲ့ အကျိုးအမြတ်အခွင့်အလမ်းတွေကို ဆုံးရှုံးရမှာဖြစ်ပါတယ်"ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စ ဂျဲနက်ဂျက်ဆင်က ပြောကြားလိုက်ကြောင်း UNFPA ၏ သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများသည်လည်း မရှိမဖြစ်အရေးပါကြသည်။ လက်ရှိအခြေအနေတွင် မြန်မာအမျိုးသမီးဦးရေ စုစုပေါင်း၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းမျှသာ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပြီး ထိုင်းနိုင်ငံတွင်မူ အမျိုးသမီးဦးရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမျှ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ ယခုထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအသစ်ပါ အချက်အလက်များအရ အမျိုးသမီးလုပ်သားဦးရေများပြားလာလေလေ နိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေပမာဏတစ်ဟုန်ထိုး တိုးတက်လာလေလေဖြစ်လာမည်ကို တွေ့ရှိကြရကြောင်း၊ အမျိုးသမီးထုကြီး၏ စွမ်းအားကိုသိရှိပြီး အလုပ်အကိုင်ဈေးကွက်အတွင်းသို့ ဝင်ရောက်စေနိုင်ရန် ကူညီပေးပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၌ အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသည် တစ်မူထူးခြားသော ကျား-မရေးရာ အကျိုးအမြတ် (gender dividend) ကို ရရှိခံစားရမည်ဖြစ်ကြောင်း သိရသည်။

"ကိန်းဂဏန်းတွေအရ အမျိုးသမီးတွေဟာ မြန်မာနိုင်ငံရဲ့အနာဂတ်ကြွယ်ဝမှုအတွက် သော့ချက်တစ်ခုဖြစ်နေပါတယ်။ ဒီကျား-မဦးရေအရ အကျိုးအမြတ်သော့ချက်ကိုဖွင့်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေဟာ ပညာရေး၊ အလုပ်အကိုင်၊ အသိအမှတ်ပြုခံရမှု၊ မြေယာပိုင်ဆိုင်မှု စတာတွေမှာ တန်းတူအခွင့်အရေးတွေ ရရှိဖို့လိုအပ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေက သော့ချက်နေရာက ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ လူငယ်နဲ့အမျိုးသမီး အကျိုးအမြတ်ကနေတစ်ဆင့် နှစ်ဆတိုး အကျိုးအမြတ်ရရှိမှာ ဖြစ်ပါတယ်"ဟု မစ္စ ဂျဲနက်ဂျက်ဆင်က ပြောကြားလိုက်ကြောင်း UNFPA သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မိုဆူးလ်၌ အီရတ်အင်အားစုများအရေးသာလျက်ရှိသော်လည်း အရပ်သားသေဆုံးမှုပိုမိုများလာ



**မိုဆူးလ် ဇန်နဝါရီ ၁၀**
အီရတ်အင်အားစုများသည် မိုဆူးလ်ရှိ နယ်မြေများစွာတို့တွင် အင်အားတိုးမြှင့်ဝင်ရောက်ကာ တိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်ခဲ့သော်လည်း မိုဆူးလ်မြို့၏ အရှေ့တောင်ပိုင်းနယ်မြေဒေသများတွင်မူ အိုင်အက်စ်အဖွဲ့က အရပ်သားများကို အကာအကွယ်အဖြစ် အသုံးပြုလျက်ရှိသောကြောင့် တိုက်ခိုက်မှုများနှောင့်နှေးကြန့်ကြာခဲ့ရကြောင်း စစ်ဘက်အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အီရတ်ရှိ ဂျီဟတ်စစ်သွေးကြွအုပ်စုများ အဓိကထိန်းချုပ်ရာနယ်မြေတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သောရက်သတ္တပတ်နှစ်ပတ်မှစတင်ကာ အနီးအနားရှိ ဆေးရုံဆေးခန်းများတွင် အသက်ဆုံးရှုံးသူ၊ ဒဏ်ရာရရှိသူ အရပ်သားများ ဒလဟောဝင်ရောက်လာခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

အီရတ်အထူးတပ်ဖွဲ့ဝင်အင်အားစုများသည် မိုဆူးလ်အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ဒေသများတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုအသစ်များဖြင့် အရှိန်အဟုန်တိုးမြှင့်ဝင်ရောက်လာခဲ့ပြီး အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အင်အားစုများသည် မိုဆူးလ်မြို့ကိုပိုင်းခြားထားသည့် တီကရစ်မြစ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့သည်။ ယင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ရက်တွင် ဟက်ဘာခရိုင်သို့ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ မြို့တွင်း၌ တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း အီရတ်စစ်တပ်၏ တပ်ခွဲ ၁၆ မှ ဒုတိယဗိုလ်မှူးကြီး အာဘတ်အယ်လ်ဇာဝီက ပြောကြားခဲ့သည်။

ဟတ်ဘာဒေသကို ထိန်းချုပ်နိုင်ရန်မှာတစ်ရက်ထက်မက ကြာမြင့်နိုင်ပြီး အိုင်အက်စ်အဖွဲ့က အသေခံဗုံးသမားများကို အသုံးပြုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**(ရိုက်တာ)**

# ဖိလစ်ပိုင်သင်္ဘောတစ်စင်းတိုက်ခိုက်ခံရပြီး လူရှစ်ဦးသေဆုံး

**မနီလာ ဇန်နဝါရီ ၁၀**
ရေလုပ်သား ၁၅ ဦး လိုက်ပါလာသည့် ဖိလစ်ပိုင်ငါးဖမ်းသင်္ဘောတစ်စင်း ယမန်နေ့ညက ဇန်ဘွန်ဂါမြို့တောင်ဘက်ရေပြင်တွင် တိုက်ခိုက်ခံရပြီး အနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာက ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

လက်နက်ကိုင် ငါးဦးပါဝင်သည့် အဖွဲ့၏တိုက်ခိုက်မှုခံရပြီး ရှစ်ဦးသေဆုံးခဲ့ကာ အခြားရေလုပ်သားများမှာ ပင်လယ်ထဲသို့ ခုန်ချထွက်ပြေးခဲ့ကြောင်း ဖိလစ်ပိုင် မင်ဒါနောစစ်ဘက်ဆိုင်ရာ ညွှန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်က ငါးဖမ်းသင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ခုန်ချထွက်ပြေးလွတ်မြောက်ခဲ့သူ သင်္ဘောသားနှစ်ဦး၏ သတင်းပေးချက်အရ သင်္ဘောပေါ်တွင် သေဆုံးနေသော ရေလုပ်သားများကို တွေ့ရခြင်းဖြစ်ကြောင်း၊ ကျန်ရှိနေသော အခြားရေလုပ်သားငါးဦးကို မတွေ့ရသေးကြောင်း မင်ဒါနောရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တိုက်ခိုက်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုးပေးခဲ့ကြပြီး ဖိလစ်ပိုင်စစ်ဘက်က ငါးလုပ်ငန်းကုမ္ပဏီအချင်းချင်း ရန်ငြိုးများကြောင့် ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ မီဒီယာများကမူ ပင်လယ်ဓားပြများကြောင့် ဖြစ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၃ ရက်ကလည်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က စက်လှေနှစ်စင်းဖြင့် ဇန်ဘွန်ဂါမြို့တောင်ပိုင်း ပင်လယ်ပြင်တွင် ကုန်တင်သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်လည်း ဖိလစ်ပိုင်ရေတပ်၏ ပြန်လည်တိုက်ခိုက်မှုကြောင့် လက်နက်ကိုင်အဖွဲ့မှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**




ဖိလစ်ပိုင်ရေတပ်မှ စစ်သင်္ဘောတစ်စင်းအား တွေ့ရစဉ်

# လစ်ဗျားတွင် အီတလီသံရုံးကို ပထမဆုံးပြန်လည်ဖွင့်လှစ်

**ထရီပိုလီ ဇန်နဝါရီ ၁၀**
လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် လစ်ဗျားနိုင်ငံဆိုင်ရာ အီတလီသံရုံးကို တရားဝင်ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီး မာကိုမင်နစ်တီက ယမန်နေ့ကပြောကြားခဲ့သည်။ လစ်ဗျားနိုင်ငံတွင် ပထမဆုံးပြန်လည်ဖွင့်လှစ်သော ပြည်ပသံရုံးဖြစ်သည်။

လစ်ဗျားနိုင်ငံဆိုင်ရာ အီတလီသံအမတ်အား ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြောင်း လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး မိုမက်ဆာယာလာနှင့် လစ်ဗျားနိုင်ငံမြို့တော်၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီးနောက် မင်နစ်တီက ပြောကြားသည်။



လစ်ဗျားနိုင်ငံဆိုင်ရာ အီတလီသံရုံးအား မကြာသေးမီနှစ်များအတွင်းက တွေ့ရစဉ်

ထိုသို့တွေ့ဆုံစဉ် နှစ်ဖက်ခေါင်းဆောင်များသည် လစ်ဗျားတွင် တည်ငြိမ်မှုရှိရေး၊ အကြမ်းဖက်တိုက်ဖျက်ရေး စသည်တို့အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကို အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ မှောင်ခိုကိစ္စများကို တိုက်ဖျက်ကာစီးပွားရေးနှင့် ဝန်ဆောင်မှုနယ်ပယ်များတွင် အီတလီ-လစ်ဗျားဆက်ဆံရေးအရေးပါပုံကို မင်နစ်တီက အလေးပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၁၁ခုနှစ်တွင် လစ်ဗျားနိုင်ငံအတွင်း အကြမ်းဖက်မှုများနှင့် မငြိမ်မသက်ဖြစ်ပွားမှုများကြောင့် ပြည်ပကုမ္ပဏီများထွက်ခွာခဲ့ရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြို့တော်ထရီပိုလီတွင် ပြိုင်ဘက်စစ်သွေးကြွအုပ်စုများအကြား အပြင်းအထန် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သောကြောင့် လစ်ဗျားနိုင်ငံရှိ ပြည်ပသံရုံးများ ထွက်ခွာခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## သဘာဝဘေးအန္တရာယ်များကို ကာကွယ်ထိန်းချုပ်စီမံနိုင်သော ပိုမိုကောင်းမွန်သည့် အစီအစဉ်တစ်ခုကို တရုတ်ရေးဆွဲ

**ပေကျင်း ဇန်နဝါရီ ၁၀**
တရုတ်အာဏာပိုင်များသည် နိုင်ငံအတွင်းသဘာဝဘေးအန္တရာယ် ကျရောက်နေမှုများကို လွှမ်းခြုံနိုင်မည့် နိုင်ငံ၏တန်ပြန်ဆောင်ရွက်နိုင်မှုစွမ်းအားကို တိုးတက်စေရေးအတွက် အစီအစဉ်တစ်ရပ်ကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။

ဗဟိုကော်မတီနှင့် နိုင်ငံကောင်စီသည် သဘာဝဘေးဆိုင်ရာရှုပ်ထွေးပြင်းထန်သည့် အခြေအနေတစ်ရပ်ကို သတိပေးခဲ့ကြောင်း အင်္ဂါနေ့တွင် ထုတ်ဝေခဲ့သည့် ညွှန်ကြားချက်အတွင်း၌ ဖော်ပြထားသည်။ သတင်းအချက်အလက်ရရှိမှု ပြည့်စုံလုံလောက်မှုမရှိခြင်း၊ ကာကွယ်ရေးအစီအမံများ ချို့တဲ့ခြင်းနှင့် အများပြည်သူဆိုင်ရာသတိထားစောင့်ကြည့်မှုနည်းပါးခြင်းများသည်လည်းတိုးတက်ရန်လိုအပ်နေသည့်အပိုင်းများဖြစ်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြပါရှိသည်။ **(ဆင်ဟွာ)**

## ကိုလံဘီယာခရီးသွားဒေသတွင် ကြိုးတံတားတစ်စင်းပြိုကျ၊ ၁၁ ဦး သေဆုံး

**ဘိုဂိုတာ ဇန်နဝါရီ ၁၀**
ကိုလံဘီယာအလယ်ပိုင်းရှိ ခရီးသွားဒေသတစ်ခုတွင် လွန်ခဲ့သောရက် နံနက်ပိုင်းက ကြိုးတံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံး ၁၁ ဦးသေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကြိုးတံတားသည် ကိုလံဘီယာအလယ်ပိုင်းဒေသရှိ ဗီလာဗီဆန်ကိုမြို့အနီးရှိ ခရီးသွားဧည့်သည်များသွားလာသည့်ဒေသတွင် တည်ရှိကြောင်း၊ ကြိုးတံတားပြိုကျခြင်းသည် ခံနိုင်ဝန်အားမမျှခြင်းကြောင့်ဖြစ်ကြောင်း ဆိုသည်။

တံတားပြိုကျသည့်အချိန်တွင် ခုနစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်လေးဦးမှာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာနေရာရှိ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ထို့အပြင် အခြားအမြင့်မှ ပြုတ်ကျသည့် ဒဏ်ရာရရှိသည့်သူများမှာ အခြေအနေဆိုးရွားသောကြောင့် နောက်ထပ်သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တိုကျို၌ ဇနီးသည်ကိုသတ်မှုဖြင့် မဂ္ဂဇင်းအယ်ဒီတာအား ဖမ်းဆီး

**တိုကျို ဇန်နဝါရီ ၁၀**
ဂျပန်နိုင်ငံတွင် တိုကျိုရဲတပ်ဖွဲ့သည် Morning ဟာသမဂ္ဂဇင်းအယ်ဒီတာတစ်ဦးအား ဩဂုတ်လအတွင်းက ၎င်း၏ဇနီးသည်ကို သတ်ဖြတ်ခဲ့သည်ဟုဆိုကာ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် Morning ဟာသမဂ္ဂဇင်းတွင်၏ အယ်ဒီတာအဖြစ်လုပ်ကိုင်နေသည့် တောင်ကိုရီးယားနိုင်ငံသား ပတ်ဂျွန်ဟယွန်းအား တိုကျိုမြို့ရှိ ၎င်း၏ နေအိမ်၌ ဇနီးအား တိတ်တဆိတ်လည်ပင်းညှစ်သတ်ခဲ့သည်ဟုဆိုကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဂျွန်ဟယွန်းကမူ စွပ်စွဲမှုများကို ငြင်းဆန်ခဲ့သည်။

ပတ်က ဇနီးသည် ၎င်း၏နေအိမ်ဝင်ပေါက်တွင် လဲကျသေဆုံးနေသည်ကို မြင်တွေ့ခဲ့ရကြောင်းကိုသာ တွင်တွင်ပြောဆိုလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာတွင် အနီးကပ်စောင့်ကြည့်ထောက်လှမ်းထားသည့် ဗီဒီယိုဖိုင်တွင် အဆိုပါအဆောက်အအုံသို့ အခြားမည်သူမျှဝင်ရောက်လာသည်ကိုမတွေ့ရကြောင်း ရဲအဖွဲ့ကဆိုသည်။

ပတ်သည် ဟာသမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Bessatsu Shonen မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ဖြူးခဲ့သူဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော်  ဇန်နဝါရီ  ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့် လှိုင်က ကျီးနီကန်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေသ၏အားကိုးအားထားပြုနေရသည့် ရေကန်ကြီးဖြစ်သည့် အားလျော်စွာ ကန်၏သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲ ရေးတို့အတွက် လိုအပ်ချက်များ မှာကြားဆွေးနွေးပြီး ကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ရှမ်းပြည်နယ် ဟဲဟိုး မျိုးပွားဥယျာဉ်ခြံသို့ရောက်ရှိပြီး မျိုးစေ့ထုတ်ပညာရှင်များ၊ တစ်သျှူးပညာရှင်များနှင့် တွေ့ဆုံကာ သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်လျက်ရှိသော ရေခံမြေခံကောင်းသည့် ရှမ်းပြည်နယ်အနေဖြင့် GAP Guideline စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုး တက်လာစေရန်၊ ပြည်နယ်၏ စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် စိုက်ပျိုးရေးပညာရှင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ထိရောက်သော စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားပြီး တစ်သျှူး ခာတ်ခွဲခန်းအတွင်း သီးနှံများ မျိုးပွားထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ဒေသထွက် အာလူးသီးနှံကို တန်ဖိုးမြင့်ကုန်ချောအဖြစ်ထုတ်လုပ်နိုင်သည့် ခေတ်မီအာလူးကြော်စက်နှင့် အဆင့်မြင့်အာလူး စိုက်စက်တို့ကို လည်းကောင်း၊ မျိုးစေ့ထုတ် သီးနှံစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဟဲဟိုးစိုက်ပျိုးရေး သိပ္ပံကျောင်းသို့ရောက်ရှိကြပြီး လိုအပ်သည်များမှာကြားကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မျှဝေခြင်းအစီအစဉ်ဖြင့် လှူဒါန်းသော ရေသန့်စက်များကို ပြည်ထောင်စုဝန်ကြီးမှ ပေးအပ်ရာ စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့မှ လက်ခံယူခဲ့ သည်။

ဆက်လက်၍ Myanmar Fine Food တန်ဖိုးမြင့် စည်သွတ်လုပ်ငန်းစီမံကိန်းမှ တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကညွှတ်သီးနှံနှင့် သီးနှံအမယ်သစ် ဝက်မြေဇာဥ၊ ကြယ်သီးမှိုများ စိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုပြီးနောက် အင်းလေးကန် သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(သတင်းစဉ်)**



# အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးကိစ္စများဆွေးနွေး

**နေပြည်တော်  ဇန်နဝါရီ  ၁၀**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.Tone Tinnes သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများ၏ ရပိုင်ခွင့်အခွင့်အရေးများ၊ ဥပဒေအရလိုအပ်သည့် အကာအကွယ်ပေးအပ်နိုင်ရေး၊ အမျိုးသမီးများနိုင်ငံရေးတွင် ယခုထက်ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းမှုမရှိသောနေရာများတွင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များမှာ စစ်ဘေးဒဏ်ပိုမိုခံစားရခြင်းကြောင့် အမျိုးသမီးများ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပိုမိုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်းပြီး အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအား ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

**မောင်တော ဇန်နဝါရီ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် မောင်တောမြို့နယ်အတွင်း ဆန်နှင့် ပဲများထောက်ပံ့ခြင်းအား လုပ်ဆောင်လျက်ရှိရာ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် မြို့နယ်အတွင်းရှိ ကျေးရွာများအား သွားရောက်ထောက်ပံ့ပေးခဲ့သည်။



တမန်းသားကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

**အားပေးစကားပြောကြား**

နံနက်ပိုင်းတွင် ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ အောင်သာယာ(နတလ)၊ အောင်ဇေယျ (စုစည်း) ကျေးရွာများမှ အိမ်ထောင်စု စုစုပေါင်း ၁၅၈ စု၊ လူဦးရေ ၆၂၄ ဦးအတွက် ဆန် ၇၅ ဒသမ ၅ အိတ်နှင့် ပဲငါးအိတ်ကို အောင်ဇေယျ စာသင်ကျောင်းတွင် လည်းကောင်း၊ ငါးစားကြူးကျေးရွာအုပ်စုရှိ ငါးစားကြူး၊ ကြက်ရိုးပြင် ကျေးရွာများမှ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၁၁၈၉ ဦးအတွက် ဆန် ၂၃ ဒသမ ၂၅ အိတ်နှင့် ပဲနှစ်အိတ်ကို ကြက်ရိုးပြင်ကျေးရွာအုပ်စု ပြောင်ပိုက် စာသင်ကျောင်းတွင် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တမန်းသားကျေးရွာအုပ်စုရှိ တမန်းသား၊ နန်းရာကိုင်း၊ သစ်တုံးနားခွဆုံ၊ ရေနောက်ငါးသား၊ သက်ကိုင်ညာ ကျေးရွာများမှ အိမ်ထောင်စု ၁၁၉၀၊ လူဦး ရေ ၈၆၈၇ ဦးတို့အတွက် ဆန် ၃၀၄ အိတ်နှင့် ပဲအိတ် ၂၀ နှင့် ၂၇ ပိဿာကို တမန်းသားအုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း၊ ကြိမ်ချောင်းကျေးရွာအုပ်စုရှိ ကြိမ်ချောင်း၊ ဝက်ကျိန်း၊ လောင်းဒုံး၊ စံကားပင်ရင်း၊ မျောချောင်း ကျေးရွာများမှ အိမ်ထောင်စု ၄၉၂ စု၊ လူဦးရေ ၃၈၂၇ ဦးအတွက် ဆန် ၁၂၃ အိတ်နှင့် ပဲရှစ်အိတ်နှင့် ခြောက်ပိဿာကို ကြိမ်ချောင်းစာသင်ကျောင်းတွင်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

"စားဝတ်နေရေးအခက်အခဲဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်အစိုးရက ဆန်နဲ့ပဲကို လာရောက်ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်ချင်ပါတယ်"ဟု တမန်းသားကျေးရွာဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာများရှိ ဒေသခံအများစုသည် တောင်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်လျက်ရှိပြီး လုံခြုံရေးအခြေအနေအရ တောင်ပေါ်သို့ သွားရောက်၍မရကြောင်း၊ တောင်ယာသီးနှံများ အမြန်ဆုံး စိုက်ပျိုးနိုင်ရန်လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုမင်း**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်

**လက်ပံတန်း ဇန်နဝါရီ  ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သာရဝေါမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့အင်ဂျင်နီယာဦးမျိုးသိန်းဌေးနှင့်ဝန်ထမ်းများသည် ဇန်နဝါရီ ၉ ရက်က လျှပ်စစ် ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် သာရဝေါမှ ကျုံလဟာကျေးရွာသို့ သွယ်တန်းထားသည့် လျှပ်စစ်ကြိုး 8/DBC 8 အစား 8/DBC 4 အား လဲလှယ်တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်သောကြောင့် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောပြောပွဲများနှင့် လက်ကမ်းစာစောင်များ၊ ဝေငှခြင်းကိုလည်း ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၅၃)**

# အသေးစားချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**အောင်လံ  ဇန်နဝါရီ  ၁၀**

အောင်လံမြို့နယ်အတွင်းရှိ မွေးမြူရေးနှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က အောင်လံမြို့နယ် သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌဦးညွန့်မောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးညွန့်ဆွေတို့က အမှာစကားပြောကြားခဲ့သည်။

အသင်း ၂၃၈ သင်းအတွက် ချေးငွေ ၂၂၀၉၀ ဒသမ ၇၁ သိန်းအား မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက ပေးအပ်ရာ အသင်းများ၏ကိုယ်စား ကျွဲခေါင်း ကျေးရွာ မွေးမြူရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**ကျော်သက်အောင်(အောင်လံ)**

# Brunei Open Fenzing Championship 2017 ပြိုင်ပွဲသို့ မြန်မာ Fencing အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဘရူနိုင်းနိုင်ငံတွင် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် Brunei Open Fencing Championship 2017 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ Fencing အားကစားအဖွဲ့တွင် အသင်းအုပ်ချုပ်သူ ဒေါ်တင့်တင့်ဝင်း၊ နည်းပြ ဦးလွှမ်းအောင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား စိုင်းသက်အောင်၊ မင်းသီဟ၊ ဖြူဖြူအောင်တို့သည် ဇန်နဝါရီ ၈ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ Fencing အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ရှိသူများက



ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ဘရူနိုင်း၊ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်အား တရားစွဲဆိုအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်သည် ယစ်မျိုးဥပဒေအရ တရားစွဲခံရသူများအနက် ၎င်းအားငွေမပေးသူများကို ထောင်ဒဏ်ချမှတ်ပြီး ငွေပေးသူများအား ငွေဒဏ်သာချမှတ်ခဲ့ပါသဖြင့် အရေးယူပေးပါရန် တိုင်ကြားလာခြင်းအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁(ဂ)(၃) နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပွင့်ဖြူမြို့နယ် တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်သည် ပွင့်ဖြူမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ်(၂၁၉/၂၀၁၆)၊ ယစ်မျိုးဥပဒေပုဒ်မ ၃၀(က) အမှုတွင် အမှုပြီးပြတ်စေရေးအတွက် အဆိုပါအမှုအား လိုက်ပါဆောင်ရွက်သော အထက်တန်းရှေ့နေမှတစ်ဆင့် ငွေကျပ် ငါးသိန်း တောင်းခံရယူခဲ့ခြင်းနှင့် ပွင့်ဖြူမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ်(၂၉၄/၂၀၁၆)၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)အမှုတွင် တရားခံအပေါ် ပြစ်ဒဏ်သက်ညှာစွာ စဉ်းစားပေးနိုင်ရန် တရားခံ၏ ဇနီးဖြစ်သူထံမှ ငွေကျပ် ငါးသိန်း လက်ခံရယူခဲ့ခြင်းတို့ကြောင့် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဖြစ်ပြီး ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ လာဘ်ငွေရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ တရားစွဲဆိုအရေးယူရန် ဆောင်ရွက်ရာ အဆိုပါ ပွင့်ဖြူမြို့နယ်တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၁၃ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပစ္စည်းခိုးယူရန် မှောင်ရိပ်ခိုချောင်းမြောင်းနေသူအား စစ်ဆေးခဲ့ရာမှ ဆိုင်ကယ် ၁၆ စီး ခိုးယူခဲ့မှုပေါ်ပေါက်

**ဆားလင်းကြီး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာအတွင်းရှိ ဂုဏ်ထူးရှင်ဘော်ဒါဆောင်၏ နောက်ဖေးလမ်းကြား မှောင်ရိပ်တွင် မသင်္ကာဖွယ်လူတစ်ဦးကို တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်စောက်ကျေးရွာနေ မောင်ခိုင်(ခ)လှမင်းထွန်းဖြစ်ပြီး မှောင်ရိပ်ခိုမှုနှင့်ပတ်သက်၍ ဆားလင်းကြီးမြို့မရဲစခန်းက စစ်ဆေးခဲ့ရာမှ ၎င်းသည် ၂၀၁၆ ခုနှစ် မေလခန့်က ရေဦးမြို့နယ် တင်းတိန်ရုံကျေးရွာ ဘုန်းကြီးပျံပွဲခင်း၌ ရပ်ထားသော Bo Bo ၁၂၅ အမျိုးအစား ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ပြီး ဆားလင်းကြီး- ကျားတက်ကျေးရွာသွား ကားလမ်းမဘေး ချုံပုတ်ထဲတွင် ဝှက်ထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေများနှင့်အတူ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအား ဆားလင်းကြီး မြို့ပေါ်ရပ်ကွက်များအတွင်း ဆိုင်ကယ်များခိုးယူပျောက်ဆုံးမှုများနှင့် ပတ်သက်ပြီး ပါဝင်ပတ်သက်ခြင်း ရှိ/မရှိ စစ်ဆေးရာ ဆိုင်ကယ် ၁၅ စီးအား ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းခိုးယူခဲ့သော ဆိုင်ကယ်များမှာ ရေဦးမြို့ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်း၊ ရေဦးမြို့နယ် တင်းတိန်ရုံရွာ၊ ခင်ဦးမြို့နယ်နှင့် အခြားနေရာဒေသအသီးသီးမှ ဆိုင်ကယ် ၁၅ စီးအား ကျားတက်ကျေးရွာ၊ ဇီးချိုင်ကျေးရွာနှင့် ထုံးမကျေးရွာများ၌ ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ဆိုင်ကယ်ခိုးယူရောင်းချခဲ့သော မောင်ခိုင်(ခ)လှမင်းထွန်းကို ဆားလင်းကြီးမြို့မရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးမှု ၆၈၃ မှုဖြစ်ပွား တရားခံ ၁၃၂၆ ဦး အမှုဖွင့်အရေးယူခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း တပ်မတော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တပ်ဖွဲ့များနှင့် တပ်ဖွဲ့များမှ မူးယစ်ဆေးဝါးများကို အမျိုးသားရေးအသွင်ဖြင့် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးမှု ၆၈၃ မှုတွင်တရားခံပေါင်း ၁၃၂၆ ဦးကို အမှုဖွင့်အရေးယူနိုင်ခဲ့သည်။

ထိုကဲ့သို့ မူးယစ်ဆေးဝါးများကို ဖမ်းဆီးဆောင်ရွက်ရာတွင် ဘိန်းမှု ၃၁ မှုတွင် ၃၂၉ ဒသမ ၁၄၆၈ ကီလို၊ ဘိန်းဖြူ ၁၃၄ မှုတွင် ၂၂၄ ဒသမ ၉၄၅၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးဝါးမှု ၄၂၈ မှုတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၁၇၆၄ ပြား၊ ဆေးခြောက်မှု ၁၂ မှုတွင် ၄၂ ဒသမ ၄၄၀၇ ကီလို၊ ဘိန်းဆီခဲ နှစ်မှုတွင် ၂ ဒသမ ၃၂၄၈ ကီလို၊ အဆင့်နိမ့်ဘိန်း သုံးမှုတွင် ၀ ဒသမ ၃၆၄၉ ကီလို၊ ဘိန်းစာမှုန့် ၃၈ မှုတွင် ၂၆ ဒသမ ၀၄၄၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ သုံးမှုတွင် ၁၀ ဒသမ ၇၄၃၀ ကီလို၊ အိုက်စ် ခြောက်မှုတွင် ၉၄ ဒသမ ၉၁၅ ကီလို၊ ကတ်တမင်းတစ်မှုတွင် ၉၄၀ ကီလို၊ ဘိန်းညိုမှုန့် ၀ ဒသမ ၂၊ ဗျူပရီနော်ဖင်း ၄၀ ပုလင်း၊ ကဖင်းမှုတစ်မှုတွင် ၁၉၈ ဒသမ ၉၆၅ ကီလို၊ အက်ဖီဒရင်းမှု နှစ်မှုတွင် ၃၄ ဒသမ ၁ ကီလို၊ အက်စီတုန်းမှုတစ်မှုတွင် ၁၁၅၂ ဒသမ ၅ လစ်တာ၊ ဘိန်းရည်မှု လေးမှုတွင် ၁ ဒသမ ၀၅၆ လစ်တာ၊ ဘိန်းဖြူရည် ၀ ဒသမ ၀၂ လစ်တာ၊ ဘိန်းဆီရည်မှု နှစ်မှုတွင် ၂ ဒသမ ၀၂၇ လစ်တာ၊ ဆာလဖြူရစ်အက်စစ်မှုတစ်မှုတွင် ၂၆၇၀၀ လစ်တာ၊ အမိုနီယမ်ကလိုရိုဒ် ၅၅၃၂ ဒသမ ၅ ကီလို၊ ဖော့စဖော့ရစ် ၈၀ လစ်တာ၊ ဆိုဒီယမ် ၂၅၀၀ ကီလို၊ ဒိုင်မီသိုင်းဆာလဖိတ် ၁၈၈၀၀ လစ်တာ၊ ဘိန်းစာရွက် ၀ ဒသမ ၅၃၊ ဗျူပရီနော်ဖင်း ၈၅ ပြား၊ မှတ်ပုံတင်ပျက်ကွက်မှု ၁၃ မှု၊ အခြားအမှု တစ်မှု စုစုပေါင်း မူးယစ်မှု ၆၈၃ မှု ဖြစ်ပွားခဲ့ပြီး တရားခံအမျိုးသား ၁၁၉၅ ဦး၊ အမျိုးသမီး ၁၃၁ ဦး စုစုပေါင်း ၁၃၂၆ ဦးအား အမှုဖွင့်အရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (မူးယစ်ဗဟို)မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**


# အထူးလိုက်လှဲစွာ ဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ဦးချမ်းသာ(ဥက္ကဋ္ဌ၊ CHAN THA& SONS Construction Group Co.,Ltd.)အား သုဝဏ္ဏမဏိဇောတရဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် CHAN THA& SONS Construction Group Co.,Ltd. မိသားစုများမှ အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်းသက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

CHAN THA& SONS Construction Group Co.,Ltd.

**မိသားစု**



# အထူးလိုက်လှဲစွာ ဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ဦးချမ်းသာ(ဥက္ကဋ္ဌ၊ Great Horizon Construction Group Co.,Ltd.)အား သုဝဏ္ဏမဏိဇောတရဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် Great Horizon Construction Group Co.,Ltd. မိသားစုများမှ အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်းသက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Great Horizon Construction Group Co.,Ltd.**

**မိသားစု**



ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




# အဘိဓဇမဟာရဋ္ဌဂုရု
## သီတဂူဆရာတော်ကြီးအား
### အမေရိကန်ပြည်ထောင်စု နှင့် ရုရှားနိုင်ငံ သီတဂူတပည့်များမှ အထူးဂုဏ်ယူဝမ်းမြောက်ပူဇော်ခြင်း

အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ် သီတဂူဗုဒ္ဓဝိဟာရ၊ မီနီဆိုးတားပြည်နယ် သီတဂူဓမ္မဝိဟာရ၊ ဖလော်ရီဒါပြည်နယ် သီတဂူသံဃဝိဟာရနှင့် ရုရှားနိုင်ငံ ထေရဝါဒဗုဒ္ဓစင်တာကျောင်းတိုက်ကြီးတို့၏ Founder ပဓာနနာယက၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဝိပဿနာအကယ်ဒမီကြီး၏ အဓိပတိ၊ ပြည်တွင်း ပြည်ပ သီတဂူကျောင်းတိုက်များ၏မဟာနာယက၊ သီတဂူရေအလှူတော်ကြီးနှင့် သီတဂူဆေးရုံတော်ကြီးများ၏ဦးဆောင်ပဓာန၊ နိုင်ငံတစ်ဝန်း စေတီပုထိုးများမွမ်းမံပြင်ဆင်ခြင်း၊ ရေဘေးလေဘေးဒုက္ခသည်များကို ကယ်တင်ထောက်ပံ့ခြင်း၊ ဆင်းရဲနွမ်းပါးသူတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်းစသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ၏ ပဓာနဦးဆောင်လမ်းပြ၊ တပည့်တို့ သီတဂူရဟန်းသံဃာများ၏ ကျေးဇူးရှင် ဓမ္မဖခင်ဖြစ်တော်မူသော သီတဂူဆရာတော်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ အဆင့်အမြင့်ဆုံး **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကြောင်း ကြားသိရပါသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံ သီတဂူတပည့်ဒါယကာ ဒါယိကာမများက အထူးဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါကြောင်း ဖော်ပြပူဇော်အပ်ပါသည်။

တပည့်
ဒေါက်တာအရှင်ဩဘာသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သီတဂူဓမ္မဝိဟာရ ကျောင်းထိုင်နာယက၊ မီနီဆိုးတား၊ USA
ဒေါက်တာအရှင်စန္ဒာသီရိ (မဟာဂန္ထဝါစကပဏ္ဍိတ) သီတဂူသံဃဝိဟာရ ကျောင်းထိုင်နာယက၊ ဖလော်ရီဒါ၊ USA
ဒေါက်တာအရှင်အရိယဓမ္မ (မဟာသဒ္ဓမ္မဇောတိကဓဇ) သီတဂူဗုဒ္ဓဝိဟာရ ကျောင်းထိုင်နာယက၊ တက္ကဆက်၊ USA
ဒေါက်တာအရှင်အဋ္ဌရိယ၊ ထေရဝါဒဗုဒ္ဓစင်တာ ကျောင်းထိုင်နာယက၊ မော်စကို၊ Russia နှင့်
သီတဂူ ဒါယကာ ဒါယိကာမများ USA & Russia

# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

## မောင်ပါဝါ

***ဇန်နဝါရီ ၉ ရက်နေ့မှအဆက်***

၄။ **ရေလှိုင်းနှင့် ဒီရေစွမ်းအင်** (Wave and Tidal Power)

စတုတ္ထအနေဖြင့် ရေလှိုင်းနှင့် ဒီရေစွမ်းအင်ဆိုင်ရာကို ဆက်လက်တင်ပြလိုပါသည်။ ရေလှိုင်းနှင့် ဒီရေစွမ်းအင်တို့သည် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုအတွက် ကနဦးလေ့လာစမ်းသပ်မှုအဆင့်များတွင်သာ ရှိသေးသည်ဟု ယူဆနိုင်သောကြောင့် တခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကဲ့သို့ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ယူသုံးစွဲနိုင်မှု မရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒီရေစွမ်းအင် (Tidal Power) သည် လကမ္ဘာ၏ သမုဒ္ဒရာပင်လယ်ပြင်ကို လားရာအမျိုးမျိုးတွင် ဖြစ်ပေါ်လာသော ဆွဲငင်အား (Gravitational Pull) ကြောင့်ဖြစ်ပါသည်။ ယင်းဖြစ်စဉ်သည် ကမ္ဘာမြေကြီးနှင့် ဆက်စပ်သော လကမ္ဘာ၏ တိကျသည့် တည်နေရာအပေါ်တွင်မူတည်ပြီး သမုဒ္ဒရာဒီလှိုင်း ရွေ့လျားမှုမှ ဒီရေဖန်တီးဖြစ်ပေါ်လာစေပါသည်။

တခြားတစ်ဖက်တွင် ရေလှိုင်းစွမ်းအင် (Wave Power) သည် လေအားစွမ်းအင်ပုံစံတစ်မျိုးပင်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် လေလှိုင်းစွမ်းအင်သည် နေရောင်ခြည်၏ သက်ရောက်မှုကြောင့် နေရောင်ခြည်စွမ်းအင် (Solar Power) ပင်ဖြစ်ပါသည်။ လေတိုက်ခတ်မှုကြောင့် သမုဒ္ဒရာမျက်နှာပြင်တွင် ရေလှိုင်းများဖြစ်ပေါ်ခဲ့ပြီး လေတိုက်နှုန်း ပြင်းထန်မှုအပေါ် စွမ်းအင်ထုတ်ယူနိုင်မှု အနည်းအများမူတည်ကြောင်း သိရှိရပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးမှုအတွက် လေနှင့် နေရောင်ခြည်တို့သည် ရေလှိုင်းနှင့် ဒီရေစွမ်းအင်များထုတ်ယူနိုင်စွမ်းရှိသော်လည်း ပင်လယ်ပြင်တွင် သို့မဟုတ် ပင်လယ်ပြင်နှင့် ဆက်စပ်မြေပြင်ပေါ်တွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန်မှာ ပိုမိုခက်ခဲသောလုပ်ငန်းဖြစ်ပါသည်။ ပင်လယ်ပြင်အခြေစိုက်နည်းပညာရပ်သည် ဆားငန်ရေ၊ လေလှိုင်းများ၊ ဒီလှိုင်းများ နှင့် မုန်တိုင်းများကို ခံနိုင်ရည်ရှိစေရန်အခြေခံစဉ်းစားပြီး နောက်တွင်သာ လျှပ်စစ်ထုတ်ယူမှုကို လုပ်ဆောင်နိုင်၍ ပင်လယ်ကမ်းခြေသို့ လျှပ်စစ်ပို့ဆောင်ရမည့် ခက်ခဲသော လုပ်ငန်းသဘာဝဖြစ်ပါသည်။ ဗြိတိန် (UK) နိုင်ငံသည် ရေလှိုင်းနှင့် ဒီရေနှစ်မျိုးလုံးမှ လျှပ်စစ်ထုတ်ယူနိုင်သော နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့ပထမဆုံး ဓာတ်အားစနစ်နှင့် ချိတ်ဆက်သော ရေလှိုင်းမှ စက်တပ်ဆင်အင်အား 240 kW ရှိ လျှပ်စစ်ထုတ်ယူမှုကို Perth (Australlia) တွင် ၂၀၁၅ ခုနှစ်မှ စတင်ခဲ့ပါသည်။ ဒီလှိုင်းစွမ်းအင်ကို မြစ်များပေါ်တွင် အနိမ့်စားရေတံခါးတပ် တမံများ (Tidal barrages) တည်ဆောက်လာခဲ့ရာ စက်တပ်ဆင်အင်အား 240 MW ရှိ စက်ရုံကို ပြင်သစ်နိုင်ငံတွင် ၁၉၆၇ ခုနှစ်၊ ယင်းနောက် ရုရှား၊ ကနေဒါနှင့် တရုတ်နိုင်ငံတို့တွင် တည်ဆောက် အသုံးပြုခဲ့ကြပါသည်။ စက်တပ်ဆင်အင်အား 254 MW ရှိ ကမ္ဘာ့အကြီးဆုံး ဒီရေစွမ်းအင် ဓာတ်အားပေးစက်ရုံကို ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ တည်ဆောက်အသုံးပြုခဲ့ကြပါသည်။ ရေလှောင်ကန်ဖန်တီးရသဖြင့် ရေလွှမ်းဧရိယာ ကျယ်ပြန့်ထိခိုက်ခြင်း၊ ကမ်းရိုးတန်းနှင့် မြစ်ဝဒေသများတွင် ဂေဟစနစ်များပျက်စီးပြောင်းလဲခြင်း၊ ရေနေသတ္တဝါများအပေါ် ဆိုးကျိုးများ သက်ရောက်ခြင်း၊ ကုန်ကျစရိတ် လွန်စွာမြင့်မားခြင်းစသည့် အားနည်းချက်များရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတချို့တွင် ဒီရေစွမ်းအင်ထုတ်လုပ်သုံးစွဲမှု အခြေအနေကို ဇယား (၄) ဖြင့် တင်ပြပါသည်။

**ဇယား(၄)**

**ဒီရေစွမ်းအင် (Tidal Power) ထုတ်ယူသုံးစွဲမှုအခြေအနေ**

| Sr. No | Power Plant | Country | Installed Capacity (MW) | Tidal Amplitude (m) | Completed | Remarks |
|---|---|---|---|---|---|---|
| 1. | Annapolis Royal | Canada | 18 | 3.2 | 1964 | |
| 2. | Rance | France | 240 | 4.0 | 1966 | |
| 3. | Kislaya Cuba | Russia | 0.5 | - | 1988 | |
| 4. | Sihwa Lake & Uldo mark | S.Korea | 254 | 5.6 | 2010 | |
| 5. | Severn Barrage | UK | 8,640 | 13.0 | - | |
| 6. | Jiangxia & Yalu | China | 3.2 | 8.4 | - | 300 MW Planned |

*Source: ICOLD, Dams for HE Energy*

၅။ **ဇီဝလောင်စာဖြင့် လျှပ်စစ်ထုတ်ယူခြင်း** (Electricity from Biomass)

ပဉ္စမအနေဖြင့် ဇီဝလောင်စာဖြင့် လျှပ်စစ်ထုတ်ယူခြင်းကိုလည်း ဆွေးနွေးတင်ပြလိုပါသည်။ နိုင်ငံတချို့တွင် ဇီဝလောင်စာပစ္စည်းများဖြစ်သည့် သကြားချက်လုပ်ရန် ကြိတ်ဝါးပြီး ကြံဖတ်များကဲ့သို့သော စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့၍ လည်းကောင်း၊ သစ်ဆွေးများမှ လည်းကောင်း၊ တိရစ္ဆာန်များမှ ထွက်ရှိစွန့်ပစ်ပစ္စည်းများ (Wastes) မှလည်းကောင်း လျှပ်စစ် ထုတ်ယူသုံးစွဲလျက်ရှိပါသည်။ သို့ရာတွင် ဖြစ်ဖြစ်မြောက်မြောက်တွင်ကျယ်စွာ ထုတ်ယူသုံးစွဲနိုင်ခြင်း မရှိဘဲ ယင်းကဏ္ဍမှ ကမ္ဘာ့ဇီဝလောင်စာထုတ်ယူသုံးစွဲမှု (Global Bio-energy Use) (၂၀၁၃) ၏ သုံးရာခိုင်နှုန်းသာရှိကြောင်း လေ့လာသိရှိရပါသည်။ ဇီဝပစ္စည်းများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် စက်မှုလက်မှုလုပ်ငန်းသုံးနှင့် လူမှုဘဝနေထိုင်ချက်ပြုတ်စားသောက်ရေးတို့အတွက် အပူ (Heat) ရရှိရေး ပုံစံအမျိုးမျိုးဖြင့် ထုတ်ယူသုံးစွဲလျက်ရှိကြပါသည်။ ဇီဝပစ္စည်းမှ လျှပ်စစ် ထုတ်ယူသုံးစွဲခြင်းသည်လည်း ရာခိုင်နှုန်းပြည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မဟုတ်သော်လည်း အသေးစိတ်ရှင်းလင်းခြင်း မပြုတော့ပါ။ ၂၀၁၀-၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိကျေးရွာတချို့တွင် ဇီဝလောင်စာစွမ်းအင်အသုံးပြု၍ တစ်ပိုင်တစ်နိုင်သုံး လျှပ်စစ်ထုတ်ယူခဲ့ကြသော်လည်း ဆက်လက်ရှင်သန်အောင်မြင်မှု မရှိခဲ့ဘဲ ရပ်ဆိုင်းသွားခဲ့ပါသည်။ အကြီးစားစီးပွားဖြစ် လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်မှုအတွက် ခေတ်မစားသည့်အလျောက် အသေးစိတ်ဆွေးနွေးတင်ပြခြင်း မပြုတော့ပါ။ ကမ္ဘာ့ဇီဝပစ္စည်းလောင်စာ စွမ်းအင်အသုံးပြုမှုအခြေအနေ (၂၀၁၃)ကိုသာ ဖော်ပြပါ ပုံ(၅) ဖြင့် တင်ပြထားပါသည်။

**ပုံ(၅)**

**ကမ္ဘာ့ဇီဝပစ္စည်းလောင်စာစွမ်းအင်သုံးစွဲမှု (၂၀၁၃)**




ယနေ့လူကြိုက်များ ထင်ရှားနေသော နေရောင်ခြည်စွမ်းအင် (Solar Power)၊ လေစွမ်းအင် (Wind Power)၊ ဘူမိစွမ်းအင် (Geothermal Power)၊ ရေလှိုင်းနှင့် ဒီရေစွမ်းအင် (Wave and Tidal Power)၊ ဇီဝလောင်စာစွမ်းအင် (Electricity from Biomass) အသီးသီးနှင့် ရေအားလျှပ်စစ်စွမ်းအင် (Hydroelectric Power) တို့၏ ကမ္ဘာ့ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင် စက်တပ်ဆင်အင်အားနှင့် နှစ်စဉ်ထုတ်လုပ်နိုင်သည့် ဓာတ်အား (၂၀၁၃) (Quantities of Global Renewable Electricity Generation - 2013) ကို ဇယား (၅) ဖြင့် ဖော်ပြပါသည်

**ဇယား(၅)**

**ကမ္ဘာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားအလိုက် စက်တပ်ဆင်အင်အား**

| စဉ် | အကြောင်းအရာ | စုစုပေါင်း စက်တပ်ဆင် အင်အား (MW) | နှစ်စဉ်ထုတ်လုပ် နိုင်သည့် ဓာတ်အား (TWh) | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နေရောင်ခြည်စွမ်းအင် (pV) | ၁၃၉,၀၀၀ | ၁၆၀ | ၃.၃% |
| ၂။ | CSP Plant | ၃,၄၀၀ | ၉ | |
| ၃။ | လေစွမ်းအင် | ၃၁၈,၀၀၀ | ၆၂၀ | ၁၂.၂% |
| ၄။ | ဘူမိအပူစွမ်းအင် | ၁၂,၀၀၀ | ၇၆ | ၁.၅% |
| ၅။ | ဒီရေစွမ်းအင် | ၁,၅၀၀ | ၁.၂ | |
| ၆။ | အကြီးစားရေအားလျှပ်စစ် | ၁,၂၀၀,၀၀၀ | ၃,၅၁၅ | ၇၅% |
| ၇။ | အသေးစားရေအားလျှပ်စစ် | ၉၀,၀၀၀ | ၂၆၅ | |
| ၈။ | ဇီဝလောင်စာစွမ်းအင် | စက်ရုံထောင်ဂဏန်း | ၄၀၅ | ၈% |
| | စုစုပေါင်း | ၁,၇၆၃,၉၀၀ (ဆို ၁,၇၆၄ GW) | ၅,၀၅၁.၂ (ဆို ၅,၀၅၁ TWh) | ၁၀၀% |

*Source: Renewable Energy, D. Chivers*

Note – 1000 kW = 1 MW, 1000 MW = 1 GW, 1000 GW = 1 TW

ဖော်ပြပါဇယားအရ ကမ္ဘာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူရရှိသည့် လျှပ်စစ်ပမာဏ ၅,၀၅၁ TWh အနက် ၇၅ ရာခိုင်နှုန်းမှာ အကြီးစားရေအားလျှပ်စစ် (Large Hydro-dams) တမံကြီးများနှင့် Run-of-the-river Types တို့မှ ဖြစ်ကြပြီး ၈ ရာခိုင်နှုန်းမှာ ဇီဝပစ္စည်းလောင်စာ စွမ်းအင်မှဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် မိတ်ဖက်ဖြစ်သော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်တို့မှ ၈၆၆ TWh ဖြစ်ပါသည်။ ယင်းတို့ကို ကမ္ဘာ့လျှပ်စစ်သုံးစွဲမှု (၂၀၁၃) ဖြစ်သည့် ၁၈,၉၀၀ TWh(D.Chivers)နှင့် နှိုင်းယှဉ်သုံးသပ်နိုင်ပါသည်။လောလောဆယ် ကမ္ဘာ့လျှပ်စစ်သုံးစွဲမှုတွင် နေရောင်ခြည်စွမ်းအင်မှ ၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ လေစွမ်းအင်မှ ၁၂ ဒသမ ၂ ရာခိုင်နှုန်းပါဝင်လျက်ရှိကြပါသည်။

၆။ **ရေအားလျှပ်စစ်** (Hydroelectric Power)

ဆဋ္ဌမအနေဖြင့် ရေအားလျှပ်စစ်အကြောင်းကို ကမ္ဘာ့ရေအားလျှပ်စစ်ကဏ္ဍနှင့် မြန်မာ့ရေအားလျှပ်စစ်ကဏ္ဍများအပေါ် ဆက်စပ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။ ရေအားစွမ်းအင်သမိုင်းကို လျှပ်စစ်ထုတ်ယူခြင်းမပြုမီ ကမ္ဘာ့ဒေသအနှံ့တွင် ဂရိနှင့်ရိုမင်မျိုးနွယ်စုများက ရေအား (Water Power) ရယူလျက် စိုက်ပျိုးရေး သီးနှံများ ရေပေးဝေခြင်း၊ သတ္တုမိုင်းများ၊ လူသုံးပစ္စည်းများ ဆေးကြောသန့်စင်ခြင်း၊ သီးနှံစေ့များကို ရေအားအသုံးပြုစက်များ (Water-mills) ဖြင့် လည်ပတ်ကြိတ်ဝါးခြင်းတို့ပြုလုပ်လာခဲ့ကြပါသည်။ ယနေ့အထိ နီပေါနိုင်ငံတစ်ခုတည်းတွင် ယင်းရေတင် စက်မျိုး ၂၅,၀၀၀ ခန့်ဖြင့် လည်ပတ်အသုံးပြုလျက်ရှိပါသည်။ ၁၈၇၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံ (UK) (Cragside, Northumberland) ဒေသ၌ William George Armstrong က ကမ္ဘာ့ပထမဆုံး ရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲခဲ့ခြင်းဖြင့် ရေအားလျှပ်စစ်သမိုင်း မှတ်တိုင်ကို ထူနိုင်ခဲ့ပါသည်။ ယင်းအချိန်နှင့် မရှေးမနှောင်းပင် အမေရိကန်နိုင်ငံ Niagra Falls (Appleton, Wisconsin) မှ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲခဲ့ရာ ၁၈၈၉ ခုနှစ်သို့ ရောက်ရှိချိန်တွင် အမေရိကန်နိုင်ငံ၌ စက်ရုံ ၂၀၀ ခန့်အထိ ထူထောင်နိုင်ခဲ့ပါသည်။ ၁၉၂၈ ခုနှစ်တွင် ကမ္ဘာကျော် Hoover Dam (1,300 MW)၊ ၁၉၄၂ ခုနှစ်တွင် Grand Coulee Dam (6,800 MW) တို့အပါအဝင် ရေအားလျှပ်စစ်ကဏ္ဍမှတစ်နိုင်ငံလုံး လျှပ်စစ်လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်း ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ လျှပ်စစ်ရရှိသုံးစွဲမှု၏ ၇ ရာခိုင်နှုန်းမှာ ရေအားလျှပ်စစ်ကဏ္ဍမှ ဖြစ်သော်လည်း တခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အားလုံး၏ ထုတ်လုပ်မှုထက် ပိုမိုလျက်ရှိနေပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ရေအားလျှပ်စစ်ကို အဓိကအသုံးပြုလျက်ရှိကြပြီး နိုင်ငံတကာတွင် လက်ရှိရေအားလျှပ်စစ်စီမံကိန်းကြီး ၂၆ ခုကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ ကမ္ဘာ့ရေအားလျှပ်စစ်ကဏ္ဍကို နောက်ထပ် ၈ ရာခိုင်နှုန်းဖြည့်ဆည်းပေးနိုင်မည်ဟု သိရှိရပါသည်။ ၂၀၁၃ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာ့ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲသည့် ထိပ်ပိုင်း ၁၀ နိုင်ငံကို ဇယား (၆) ဖြင့် ဖော်ပြပါသည်။

**ဇယား(၆)**

**ကမ္ဘာ့ထိပ်ပိုင်း(၁၀) နိုင်ငံ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲမှု**

| စဉ် | နိုင်ငံ | ရေအားလျှပ်စစ် ထုတ်ယူမှု (TWh) | ကမ္ဘာ့ထုတ်လုပ်မှု ရာခိုင်နှုန်း (%) |
|---|---|---|---|
| ၁။ | တရုတ် | ၉၁၂ | ၂၄% |
| ၂။ | ကနေဒါ | ၃၉၂ | ၁၀% |
| ၃။ | ဘရာဇီးလ် | ၃၈၅ | ၁၀% |
| ၄။ | အမေရိကန် | ၂၇၂ | ၇% |
| ၅။ | ရုရှား | ၁၈၁ | ၅% |
| ၆။ | အိန္ဒိယ | ၁၃၂ | ၃% |
| ၇။ | နော်ဝေ | ၁၂၉ | ၃% |
| ၈။ | ဗင်နီဇွဲလား | ၈၄ | ၂% |
| ၉။ | ဂျပန် | ၈၂ | ၂% |
| ၁၀။ | ပြင်သစ် | ၆၈ | ၂% |
| ၁၁။ | ကျန်ကမ္ဘာ့နိုင်ငံများ | ၁,၁၄၅ | ၃၀% |
| | စုစုပေါင်း | ၃,၇၈၂ | ၁၀၀% |

*Source: Renewable Energy, D. Chivers, 2015*

ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ နှစ်ပေါင်းများစွာ လုပ်ကိုင်ကြပြီး နောက်တွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ တတိယနိုင်ငံများက ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်လျက် လျှပ်စစ်ထုတ်ယူသုံးစွဲရေး ဆန့်ကျင်ကန့်ကွက်မှုများကို ရင်ဆိုင်နေကြရပါသည်။ ဆောင်းပါးရှင်သည် စာတမ်းခေါင်းစဉ်ပါ "မြန်မာ့ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အနာဂတ်"နှင့် ဆက်စပ်လျက် မည်သည့် လျှပ်စစ်ထုတ်ယူမည့်နည်းစနစ် တစ်ခုချင်းစီကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ လက်ရှိ မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အခြေအနေများနှင့် ချိန်ညှိဆက်စပ်လုပ်ဆောင်နိုင်ရေး ဆင်ခြင်သုံးသပ်နိုင်ကြရန်အလို့ငှာ မိမိနားလည်သိရှိထားသမျှ အကောင်း၊ အဆိုးကို အတိုင်းအတာတစ်ခုအထိ အရှိအတိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။

ရေအားလျှပ်စစ် (Hydropower) သည် ယင်း၏ အကောင်းဆုံးနှင့် အဆိုးဆုံးတို့ နှစ်ရပ်လုံးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပါသည်။ ရေအားလျှပ်စစ်သည် ဓာတ်အားစနစ်များ (Electricity Grids) နှင့်ဝေးလံခေါင်ဖျားဒေသများနေလူ့အဖွဲ့အစည်းများအတွက် တည်ငြိမ်၍ မှီခိုအားထားရနိုင်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိပါသည်။ ယင်းအပြင် စီမံကိန်းအလွန်ကြီးမားပါက သိသာသော ဆိုးကျိုးများအဖြစ် ဒေသတစ်ခုလုံးကို ပျက်စီးစေနိုင်ခြင်း၊ ဒေသခံပြည်သူများစွာကို အခြေပျက်ပြောင်းရွှေ့စေနိုင်ခြင်း၊ ဂေဟစနစ်များ (Eco-system) ကို ဖျက်ဆီးခြင်းနှင့် ကြီးမားကျယ်ပြန့်သော ရေဝပ်ဧရိယာများအောက်တွင် နစ်မြုပ်နေသည့် သစ်ပင်၊ သစ်ရွက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ထက် (၂ ဒသမ ၅) ဆ ပိုမိုသော မီသိန်းဓာတ်ငွေ့များ သို့မဟုတ် ဖန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gas)ပမာဏများစွာ လေထုတွင်းသို့ထုတ်လွှတ်ခြင်း စသည်တို့ဖြစ်ပါသည်။ သို့ရာတွင် တစ်ဖက်တွင်လည်း ကောင်းမွန်သော နည်းလမ်းများဖြင့် ချဉ်းကပ်လုပ်ဆောင်ပါက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရေအားလျှပ်စစ်သည် ပုံမှန်မှီခိုအားထားရမှု ပေးနိုင်စွမ်းမရှိသည့် (Intermittency)၊ နေရောင်ခြည်စွမ်းအင် (Solar Power) နှင့် လေစွမ်းအင် (Wind Power) တို့ထက်ပိုမိုတည်ငြိမ်သော လျှပ်စစ်အရင်းအမြစ်အဖြစ် ကျွန်ုပ်တို့၏ ရောစပ်ဖြန့်ဖြူးဓာတ်အားစနစ် (Generation Mix) တွင်ပါဝင်သဖြင့် တန်ဖိုးရှိစွာအသုံးချနိုင်ကြောင်း တွေ့ရှိရပါသည်။

ရေအားလျှပ်စစ်ကို ပုံစံအမျိုးမျိုးဖြင့် ထုတ်ယူအသုံးပြုရာတွင် ရေလှောင်တမံများ (Storage Dams)၊ တမံနိမ့် ရေအားလျှပ်စစ်စီမံကိန်းများ (Run-of-the-river Schemes) ဖြစ်ကြပါသည်။ ယင်းတို့အပြင် ပင်မတမံရေလှောင်ကန်၏ ဓာတ်အားထုတ်လွှတ်ရေကို အောက်ဖက် ရေစုကန်မှ မူလရေလှောင်ကန်သို့ လျှပ်စစ်ဓာတ်အားထပ်မံထုတ်လွှတ်ရန် လိုအပ်ချိန်တွင် ဖြည့်ဆည်းပေးနိုင်မည့် တိုက်ရိုက်လျှပ်စစ် ထုတ်ယူခြင်းမရှိသော ပြန်လည်ရေစုပ်တင်စီမံကိန်းများ (Pumped-storage Schemes) လည်းပါဝင်ပါသည်။ Run-of-the-river Type စီမံကိန်းများသည် နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်ထိခိုက်မှု အနည်းဆုံးဖြစ်၍ မြစ်ချောင်းများပေါ်တွင် တည်ဆောက်လျက် ရေအားလျှပ်စစ်ထုတ်ယူရန် ထင်ရှားလူကြိုက်များသည့် နည်းစနစ်တစ်ခု ဖြစ်လာပါသည်။

***ဆက်လက်ဖော်ပြပါမည်***



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# သံတဲ၊ ရေကြည်ညောင်ပင်နှင့် ရွှေတြိဂံ

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

ထို့ကြောင့် အမိုးသုံးထပ်ပေးခြင်းသည် မင်းတုန်းမင်း၏ ဆရာမတ်အား ချီးမြှောက်သည့် အထိမ်းအမှတ်ဖြစ်ပေသည်။ ဇေတဝန်မျိုး အမိုးသုံးထပ်ဆိုသော စကားအရဆိုလျှင် ဒေါက်တာမတ်၏ ကျောင်းပုံစံမှာ ဇေတဝန်ဆောင်မျိုးဖြစ်နိုင်ပေမည်။

သံတဲကျောင်း၏ အနောက်ဘက်တွင် နဘဲကြိုး၊ အင်းဘဲစသော ရပ်ကွက်များ၏ကြား၌ သံတဲဝင်းဟုခေါ်သော အရပ်ရှိခဲ့သည်။ ယခင်က ဗြိတိသျှသံတဲနေရာဟုဆို၏။ ကျွန်တော်တို့ ငယ်စဉ်ကမူ ဗရင်ဂျီဝင်းဟုလည်း ခေါ်ကြသည်။ ယခင်က နဘဲကြိုး၊ အင်းဘဲစသော အရပ်များသည် လူနေထူထပ်ပြီး အိမ်ခြေစိပ်၏။ မိုးရေ၊ အင်းရေဆိုးများက အမြဲဝပ်နေ၏။ ထိုရပ်ကွက်မှ အရှေ့ဘက်ထွက်တော့ သန့်ရှင်းသပ်ရပ်သော အိမ်ဝင်းခြံများ၊ ပျဉ်ထောင်နံကပ်အိမ်များနှင့် ဗရင်ဂျီဝင်းကို တွေ့ရသည်။ ယခုတော့ ဆိုင်းတန်းမီးကြီး အကြိမ်ကြိမ်ခပြီး နောက်လက်ရှိ မြင်ကွင်းအတိုင်း အပြောင်းအလဲကြီးပြောင်းလဲကာ တစ်သား တည်းဖြစ်သွားတော့သည်။

သံတဲကျောင်းတွင် ကိုယ်ပိုင်ဘောလုံးကွင်းရှိသည်။ သံတဲကွင်းဟုခေါ်၏။ သံတဲကွင်းသည် မန္တလေးဘောလုံးလောကတွင် ထောက်တိုင်တစ်တိုင်ဖြစ်ခဲ့ဖူးသည်။ နာမည်ကျော် နဘဲကြိုးလက်ရွေးစင်အသင်းသည် သံတဲကွင်း အခြေစိုက်ဖြစ်သည်။ မန္တလေးတိုင်းမှလည်း မြန်မာ့လက်ရွေးစင်ဖြစ်သွားသူ ကိုကိုကြီးကို သံတဲကွင်းတွင် မကြာခဏ တွေ့ရဖူးလေသည်။

ဘောလုံးကွင်း၏ တောင်ဘက်ဂိုးပေါက်နားက အိမ်တစ်လုံးတွင် မြန်မာ့လက်ရွေးစင်တစ်ဦးဖြစ်သူ ဦးလှဖေကြီးနေသွားဖူးသည်။

ညနေစောင်း ဘောလုံးကွင်းဆင်းကြသူများ ဘောလုံးချိန်းကန်ကြသည်များကို ထိုင်ကြည့်နေတတ်သည်။ တစ်ခါတစ်ရံ ဇွတ်အတင်း ဆွဲခေါ်၍ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ပေးရသည်။ တစ်ခါတစ်ရံ ပညာသားမပါဘဲ အကြမ်းပတမ်းကစားနေကြသည့် အသင်းများတွေ့လျှင် မျက်နှာလွှဲကာ အိမ်ထဲဝင်သွားတတ်သည်။ သံတဲကွင်းက လူငယ်ခြေတက်များကို မွေးထုတ်ပေးခဲ့သည်မှာ အများအပြားဖြစ်၏။

နောက်တော့ ထိုကွင်းကြီးက ဇာတ်ရုံကွင်းကြီးဖြစ်သွားသည်။ မိုးဝင်း၊ သိန်းဇော်၊ ချမ်းသာ၊ နန်းဝင်းတို့နေရာပေါ့။ ထိုစဉ်က ဆိုင်းသံတခြိမ့်ခြိမ့်၊ ပွဲသွားဝတ်စုံတလက်လက်၊ ရေမွှေးရနံ့တသင်းသင်း။

ထို့နောက် မန္တလေးရေပေးရေးစီမံကိန်း၏ ရောမပိုက်လုံးကြီးများထားသိုရာ ပစ္စည်းသိုလှောင်ဝင်းကြီး။ ထို့နောက် မီးဘေးဒုက္ခသည်များ ယာယီကယ်ဆယ်ရေး စခန်းဝင်းကြီး။ ထို့နောက်... ထို့နောက်... ။ သံတဲကျောင်းဝင်း၏ တောင်ဘက်တွင် အမှတ် ၅ ရဲစခန်းဝင်းရှိသည်။ ထိုရဲစခန်းကိုလည်း မန္တလေးက သံတဲဂိတ်ဟု ခေါ်ကြ၏။ ဘာပဲပြောပြော ထိုနေရာတစ်ဝိုက်က 'သံတဲ' အမည်သာလွှမ်းသည်။

နာမည်ကျော် မြန်မာဝတ္ထုကြီးတစ်ပုဒ်တွင် သီပေါမင်းခေတ်က မန္တလေးအနောက်ခြမ်း 'ကုလားမြို့' ဟူသော အသုံးအနှုန်းတစ်ခုပါ၏။ တကယ်တော့ အင်္ဂလိပ်၊ ပြင်သစ်စသော နိုင်ငံခြားသားများကို မြန်မာအရပ်သားက 'ကုလား' ဟုပဲ ခေါ်ကြသည်။ 'ကုလားမြို့' အခေါ်က မြန်မာအရပ်သားအခေါ်၊ 'သံတဲ' အခေါ်က ရုံးသုံးအခေါ်ဖြစ်သည်။ ထိုဝတ္ထုကြီးကို ရုပ်ရှင်အဖြစ် သရုပ်ဖော်သောအခါ 'ကုလားမြို့' ဟူသော သရုပ်ကို တကယ့်ဒိုတီဝတ်၊ ဆိတ်ကျောင်း၊ ကြေးအိုးသုံး အိန္ဒိယရွာကလေးအသွင် တာပရာဗုံသံနှင့် သရုပ်ဖော်ပြလိုက်သည်။ လွဲချော်မှုများဖြစ်၏။ ထားပါတော့...။

သံတဲဂိတ်ဝင်းတောင်ဘက်တွင်လည်း နာမည်ကျော်ကျောင်းဝင်းကြီးတစ်ဝင်းရှိသေးသည်။ အမှတ် ၉ အစိုးရအထက်တန်းကျောင်းဖြစ်သည်။ မန္တလေးက စိန့်ပီတာကျောင်းဟု သိကြသည်။ သာသနာပြုမစ်ရှင်ကျောင်းများ ခေတ်ကတော့ နာမည်ကြီးမစ်ရှင်ကျောင်းပေါ့။ စိန့်ပီတာကျောင်းသားဟု ဆိုလျှင် လက်မထောင်ဂုဏ်ယူနိုင်လေသည်။ တော်ရုံတန်ရုံလူလည်း သူ့ကျောင်းမှာမထားနိုင်၊ စည်းကမ်း ကလနား၊ အသင်အပြကောင်းလှသည်ဆို၏။ ထိုကျောင်း အဆောက်အအုံကြီးကား ဂျပန်ခေတ်က ဆေးရုံကြီးဖြစ်ခဲ့ဖူးသည်။ နောက်မှ စာသင်ကျောင်းကြီးဖြစ်လာတော့သည်။

ကျောင်းဝင်းကြီးက မန္တလေးအခေါ် ပြလောက်နီးပါးရှိသည်။ ဘောလုံးကွင်း၊ ဘတ်စကက်ဘောကွင်း၊ တင်းနစ်ကွင်း၊ ဘော်လီဘော၊ ကြက်တောင်ကွင်းရှိသည်။ ထို့အပြင် ထူးခြားသည်က ရေကူးကန်ပင်ရှိချေသေးသည်။ စိန့်ပီတာဘောလုံးကွင်းကလည်း နာမည်ကြီး ဘောလုံးကွင်းဖြစ်၏။ မန္တလေးမြို့၏ လက်ရွေးစင်ကလပ်သင်းများ ကွင်းဆင်းလေ့ကျင့်ရာကွင်းဖြစ်သည်။ လုံခြုံမှုစနစ်အရ စိန့်ပီတာကွင်းက သံတဲကွင်းထက်သာလွန်သည်။ စိန့်ပီတာကွင်းမှာ နာမည်ကြီးတာ တစ်ခုရှိသေးသည်။ ယခုလို ဘင်ခရာတီးဝိုင်းတွေ မှိုလိုမပေါက်ခင်ကတည်းက စိန့်ပီတာမှာ ဘင်ခရာတီးဝိုင်းရှိသည်။ ကျောင်းပွဲများရှိလျှင် ဘင်ခရာတီးဝိုင်းလည်းပါ၏။ ယူနီဖောင်းကလည်း သားနားလှသည်။ သူ့ယူနီဖောင်းကို ပြောစမှတ်ဖြစ်အောင်လည်း တီထွင်နိုင်သည်။ ဘင်ခရာတီးဝိုင်းများတွင် ဘေးတိုက်မှုတ်ဖိုက်ဘာ ပလွေများကို စတင်သုံးစွဲသူ ဖြစ်သည်။

စိန့်ပီတာကျောင်းက 'နဝရတ်' တီးဝိုင်းဆိုတာလည်း ပေါ်ထွက်ဖူး၏။ မန္တလေးသင်္ကြန်များတွင် အလှပြကားကြီးနှင့်ပင် နှစ်စဉ်မပျက် ဆင်နွှဲပါဝင်ဖူးပါသည်။

စိန့်ပီတာနှင့် မျက်နှာချင်းဆိုင် ရွှေတချောင်းမြောင်း အရှေ့ဘက်မှာတော့ ဓားတန်းရေခဲနှင့် ဘိလပ်ရည်စက်ရုံရှိသည်။ အရင်ကနဦးတုန်းက ပုဂ္ဂလိကစက်ရုံဖြစ်၏။ ဆရာသော်တာဆွေ၏ ဇာတ်လိုက်ကျော် မိုးကုတ်ဦးမြမောင်တို့ အဆက်အနွယ်များ ပိုင်ဆိုင်ခဲ့သည်ဟု ကြားဖူးသည်။ ရေခဲစက်၏ တောင်ဘက် ၂၄ လမ်းဘေးမှာတော့ ထင်ပေါ်ယာဉ်စက်မှုရှိသည်။ ယခင်ခေတ်က မန္တလေးမှာ အကြီးအကျယ်ဆုံးယာဉ်ပြုပြင်အလုပ်ရုံကြီးဖြစ်ပါသည်။ မြို့မျက်နှာဖုံးများဖြစ်ချေ၏။ ရွှေတချောင်းအနောက်ဘက်ကမ်း ၂၅ လမ်းမရောက်ခင်မှာတော့ ရေကြည်ဓမ္မာရုံကြီးရှိသည်။ ရေကြည်ဓမ္မာရုံကြီးနှင့် မျက်နှာချင်းဆိုင်၌ နာမည်ကျော် အရီးတောင်းလက်ဖက်ဆိုင်ကြီးရှိသည်။ အရီးတောင်းက ဈေးချိုထဲမှာ သာမက ရေကြည်ရပ်မှာတစ်ဆိုင်၊ ဓားတန်းရပ်ကွက်မှာတစ်ဆိုင်ရှိသည်။

အရီးတောင်းလက်ဖက်သည် မန္တလေးပြန်လက်ဆောင်အဖြစ် ထိုးမုန့်၊ လမုန့်တို့နှင့်အတူ နာမည်ကြီးသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကတည်းက စတင်အခြေတင်ထင်ရှားခဲ့ပြီး ယခု ဦးကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ်တို့လက်ထက်တွင် ကြီးထွားဖွံ့ဖြိုးလာခဲ့သည်။ လက်ဖက်သုပ်တစ်ပွဲသည် လေးယောက်အိုးစားအတွက် ဟင်းတစ်မည်အဖြစ် ထမင်းတစ်နပ်ကိစ္စပြီးနိုင်သောကြောင့် နေ့လယ်၊ ညနေဆိုလျှင် မြို့သစ်ပြန်သူများ လက်ဖက်ဆိုင်ရှေ့တိုးဝှေ့ပြီး ဝယ်နေကြရ၏။

ရေကြည်ဓမ္မာရုံလွန်တော့ ၂၅ လမ်းနှင့် ရွှေတချောင်းမြောင်းထိပ်ဆုံရာမှာ ယခင်က နာမည်ကျော်ရေကြည်ညောင်ပင်ရှိခဲ့ဖူးပါသည်။

မန္တလေးမြို့တည်ကတည်းက ရှိခဲ့ဖူးသော ညောင်ပင်ကြီးဖြစ်ပုံရသည်။ လူလေးငါးယောက် ဖက်မနိုင်သည့် ပင်စည်ကြီးရှိ၏။ အောက်ခံ အုတ်ခုံဝိုင်းကြီးကပင် တပြန့်တပြော။ နေ့လယ်တိုင်လျှင် နယ်ဈေးသည်များ၊ ကုန်ထမ်းပိုးလှည်းဆွဲအလုပ်သမားများသည် ညောင်ပင်မြစ်များ ခေါင်းချပြီး အုတ်ခုံပေါ်မှာ တရေးတမော အိပ်ကြရသေးသည်။ ညနေတိုင်ပြန်တော့ အိပ်တန်းတက် ငှက်ပေါင်းစုံ၏ စိုးစိုးစီစီ ညိုးညိုးညံညံအသံဆူညံနေတော့၏။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုကြပေသည်တကား။ အခုတော့ ထိုညောင်ပင်ကြီးမရှိတော့။ ၁၉၈၉ ခုနှစ်က ဖောက်လုပ်ပြီး ၁၉၉၀ ပြည့်နှစ်က ဖွင့်လှစ်သော မန္တလေးအနောက်ခြမ်း မြို့ပတ်ရထားလမ်း စီမံကိန်းနှင့် မလွတ်ကင်းသောကြောင့်ဖြစ်သည်။ သို့သော် အနောက်မြို့ပတ်ရထားလမ်းကလည်း အခုတော့ ဖျက်သိမ်းထားပါပြီ။ သံလမ်းများပင် ဖြုတ်သိမ်းပြီးပါပကော။ နှစ်ပေါင်းရာချီသက်တမ်းရှိ ရောမညောင်ပင်ကြီးကတော့သွားပေါ့။

ယခု ရေကြည်ညောင်ပင်နေရာဟောင်း အနီးအနားမှာ ဈေးကွက်တစ်မျိုး ခေတ်စားနေ၏။ လက်ဆောင်ပြန်ဈေးဟု ခေါ်ရမလိုဖြစ်သည်။ ယခုအခါ ဂါရဝတရားများ ထွန်းကားလာသောကြောင့် လူကြီးသူမများအား ကြီးသည်ငယ်သည်မဟူ၊ လက်ဆောင်များဖြင့် ဂါရဝပြုကြလေ့ ရှိသည်။ ဂါရဝအပြုခံရလွန်းသူများအတွက် လက်ဆောင်ပစ္စည်းများက အပိုအလျှံများ ဖြစ်လာချေသည်။ ထိုအခါ မုန့်ပုံးအမျိုးမျိုး၊ ပါတိတ်အမျိုးမျိုး၊ အသုံးအဆောင်အမျိုးမျိုးကို ဤနေရာမှာ လာရောက်ရောင်းချသူတွေက စုဝေးမိကြပြီး ဈေးကွက်ကလေးဖြစ်လာသည်။ ဤသို့ဖြင့် မုန့်ပုံးတစ်ပုံးသည် ဤနေရာသို့ သုံးလေးငါးခါသံသရာလည်ကာ ရောက်ရှိလာတတ်သည်။ တစ်ခါတစ်ရံ နိုင်ငံခြားမုန့်ဘူးတွင်းက မုန့်ကြွပ်များလည်းပါလာတတ်၏။ အခြားအဖိုးတန်ပစ္စည်းများမုန့်ပုံးအတွင်းမှ ပါလာသည်ဆိုတာမျိုးတော့ မကြားရ။

ရေကြည်ညောင်ပင်အနီးမှာ မန်းသီရိဈေးလည်းရှိသည်။ အသားငါးဈေးဖြစ်သည်။ ဈေးချိုလာဈေးဝယ်တို့အသားငါးကို မန်းသီရိမှာ လာဝယ်တတ်ကြသည်။ မန်းသီရိဈေးကား မန္တလေး၏ မူလလက်ဟောင်းဈေးများမဟုတ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှ ပေါ်ပေါက်လာသော ဈေးဖြစ်သည်။ နွေအခါဆိုလျှင်မန္တလေးမြို့လုံးအနှံ့ပေါ်ထွက်လာမည့် ကြံရည်သည်များအတွက် ကြံချောင်းများလက်လီ၊ လက်ကားဖြန့်ဖြူးရာ နေရာလည်း ဖြစ်သည်။ ထို့အတူတစ်ဟုန်ထိုးတိုးတက်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းကြီးများအတွက် မရှိမဖြစ်လိုအပ်သောကုန်မာပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများရောင်းချရာနေရာလည်း ဖြစ်သည်။ လူတန်းစားစုံ၊ အလုပ်စုံ၊ လုပ်ငန်းစုံအတွက်ရောယှက်နေသောနေရာမို့ အခါမလပ်စည်ကား၏။ ရွှေတချောင်းက အနောက်ဆင်းတော့ ၂၅ လမ်းကိုလွှထောင်တန်းဟုခေါ်တွင်သည်။

အရှုပ်ထွေးဆုံးနေရာကတော့ ၂၆ ဘီလမ်းနှင့်ရွှေတချောင်း (၈၆ လမ်း)ဆုံနေရာပေါ့။ ဈေးချိုကြီးနှင့် ကပ်နေသောနေရာမို့ ပိုက်ကျုံး၊ ဂေါ်ဝိန်၊ ချော်ဆိပ်ဘက်သွားမည့် လိုင်းကားတွေကလည်း ခရီးသည်တွေကို အလုအယက်ခေါ်နေကြသည်။ ဖြတ်သွားဖြတ်လာ၊ ဈေးသွားဈေးလာကားတွေကလည်း ရှုပ်ယှက်ခတ်နေသည်။ ဒါတောင်မြို့ပတ်ရထားလမ်းမရှိတော့လို့။ မြို့ပတ်ရထားလမ်းရှိစဉ်ကာလက ထိုနေရာတွင် ဘတ်စ်ကားနှင့်မြို့ပတ်ရထားမတော်တဆမှုကြောင့် ခရီးသည်များ အသက်ဆုံးရှုံးမှု ကြုံရဖူးသည်။

၂၆ ဘီလမ်း၏တောင်ဘက်ရွှေတချောင်းတစ်လျှောက်က ဈေးတန်းများမို့ နေ့တွင်စည်ကားသော်လည်းညမှာလူမရှိ။ အသွားအလာနည်းပါးသည်။ လွန်ခဲ့သော ၁၀ နှစ်နီးပါးကတော့ ၂၆ ဘီလမ်းနှင့်ရွှေတချောင်းဆုံ သံတံတား၏တောင်ဘက်ခြမ်းမှာညအလင်းလက်ဖက်ရည် ဆိုင်ရှိဖူးသည်။ ကျွန်တော်တို့ကထိုနေရာကို ရွှေတြိဂံဒေသဟုနာမည်ပေးထား၏။ ၂၆ ဘီလမ်းနှင့်ရွှေတချောင်း ၈၆ လမ်းဆုံတွင် အနောက်မြောက်ခြမ်းကထိုစဉ်ကအခေါ်အမှတ် ၁ နယ်မြေ၊ အနောက်မြောက်မြို့နယ်ဖြစ်၏။ တောင်ဘက်ခြမ်းက ထိုစဉ်ကအခေါ် အမှတ် ၂ နယ်မြေ၊ အနောက်တောင်မြို့နယ်ဖြစ်၏။ အရှေ့ဘက် ရွှေတချောင်းအရှေ့ခြမ်းက အမှတ် ၄ နယ်မြေ၊ အရှေ့မြောက်မြို့နယ်ဖြစ်၏။ ညအလင်းဆိုင်လည်း ဖြစ်သည်ကတစ်ကြောင်း၊ အကွက်အကွင်းကျသည့်နေရာဖြစ်သည်ကတစ်ကြောင်းမို့ ထိုဆိုင်မှာညရောက်လျှင် လူပေါင်းစုံတွေ့ရသည်။ ဂျင်ဝိုင်းက ပြန်လာသူ၊ ဖဲဝိုင်းသွားမည့်သူ၊ ဇိမ်၊ ဇိမ်ခေါင်း၊ ခါးပိုက်နှိုက်၊ ညစောင့်စသည်ဖြင့် ထိုလက်ဖက်ရည်ဆိုင်အနီးမှာ အကြော်ဆိုင်များလည်းရှိ၏။ အကြော်စုံသုပ်နာမည်ကြီးသည်။


၁၉၈၀ ပြည့်နှစ်ဝန်းကျင်က မန္တလေးဈေးချိုနာရီစင်

*စာမျက်နှာ ၁၇ သို့*

# မြို့မကွက်သစ် မူလတန်းလွန်ကျောင်းဆောင်များအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့ပြီးဖြစ်၍ ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၆ရက်နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး Mr.Hong Liang၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ကျောင်းအကျိုးတော်ဆောင် (နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း) ဦးတင်ဦးလွင်တို့က ပြုပြင်ပြီး ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ပေ (၁၀၀×၂၆×၁၈) ကျောင်းဆောင်မျက်နှာကြက် တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ပေ(၄၀×၃၀×၁၂)သွပ်မိုး၊ ဒူးပိတ်ကာ ကွန်ကရစ်ခင်းကျောင်းဆောင်အား အခင်းအကာ၊ အမိုးနှင့် မျက်နှာကြက်များပြုပြင်ခြင်း၊ ပေ(၁၂၀×၃၀×၁၂) ကျောင်းဆောင်အားသွပ်မိုးခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေချိုးခန်းနှင့်သန့်စင်ခန်း တွဲလျက်တစ်ခန်းတည်ဆောက်ခြင်းတို့ကို စုစုပေါင်း ငွေကျပ်သိန်း ၄၅၀ အကုန်အကျခံပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**

# လက်ပန်ကျေးရွာ၌ ရေပိုက်လိုင်းများသွယ်တန်း

**သုံးခွ ဇန်နဝါရီ ၁၀**

ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ကိုရီးယား-မြန်မာဆယ်မားအူးလ်အွန်ဒုံ(SMU)ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်လက်ပန်ကျေးရွာ၌ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးနှင့်ဝင်ငွေတိုးပွားရေးလုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ပန်ကျေးရွာတွင်လူနေမှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးနှင့် လူနေမှုအဆင့်မြင့်မားစေရေးအတွက် (SMU)ဥက္ကဋ္ဌဦးစိန်ခွဲနှင့် ကော်မတီဝင်များက လက်ပန်ကျေးရွာရှိနေအိမ် ၁၀၀ ကျော်အားရေပိုက်လိုင်းဖြင့်ရေဖြန့်ဖြူးပေးနိုင်ရန်ဂါလန် ၅၀၀ ဆံ့ ကော်ရေ တိုင်ကီနှစ်လုံးနှင့် ရေစင်တည်ဆောက်ခြင်းဆောင်ရွက်ခဲ့ရာ ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုအခါရေပိုက်သွယ်တန်းခြင်းကို ဇန်နဝါရီ ၃ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာဇန်နဝါရီ ၇ ရက်တွင် နေအိမ် ၂၆ အိမ်အားရေပိုက်လိုင်းများသွယ်တန်းပြီးစီးခဲ့ပြီး ကျန်ရှိသောနေအိမ်များကို ဆက်လက်သွယ်တန်းပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းချေးငွေပြန်လည်ပေးအပ်

**ညောင်လေးပင် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက်က သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းချေးငွေပြန်လည်ပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးအောင်မြင့်က China Exim Bank (CEB)ချေးငွေကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်နိုင်ငံသားစီးပွားရေး အာမခံအများပိုင်လီမိတက်မှ သမဝါယမအသင်းသားများ အာမခံထားရှိနိုင်ရေးအတွက် အစီအစဉ်ကို CB Insurance မှ တာဝန်ခံ ဒေါ်သန္တာဦးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုရ စံပြတောင်သူသမဝါယမအသင်း၊ ဒုတိယဆုရ ဒို့ကျေးရွာသမဝါယမအသင်း၊ တတိယဆုရဂျောင်းတာရွှေမြ(၁)သမဝါယမအသင်း၊ စတုတ္ထဆုရ ဖြိုးစေတနာသမဝါယမအသင်းနှင့် စွမ်းဆောင်ရည်ထူးချွန်ဆုရ ၁၅ သင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ဆုရ ၈၁ သင်းစုစုပေါင်းဆုရအသင်း ၁၀၀ မှဥက္ကဋ္ဌများကလက်ခံယူခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မှန်သာ- အင်တိုင်းလေး / ပေါင်းတောင်ကူ လမ်းကျောက်ချောခင်း

**ဒီပဲယင်း ဇန်နဝါရီ ၁၀**

ကျေးလက်နေပြည်သူများ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းသွားလာဆက်သွယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မှန်သာ- အင်တိုင်းလေး - ပေါင်းတောင်ကူကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက် လျက်ရှိသည်။

အဆိုပါ လမ်းကျောက်ချောခင်းခြင်း (၂/၀) မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၀၀ သန်းဖြင့် Apex Nine ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပဲတီစိမ်း၊ အထွက်တိုးပြောင်းနှင့် စမုံနက်နှမ်းတွေလှိုင်လှိုင်ပေါ်၊ တောင်သူမျှော်မှန်းဈေး မရောက်သေးဟုဆို

**ရေစကြို ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ယခုရက်ပိုင်းအတွင်းပဲတီစိမ်း၊ အထွက်တိုးပြောင်းနှင့်ရေစကြိုစမုံနက်နှမ်းများလှိုင်လှိုင်ပေါ်ပြီး သီးနှံပွဲရုံများသို့ နေ့စဉ် အင်အားကောင်းကောင်းဖြင့် ဝင်ရောက်လျက်ရှိကြောင်း ဝေဖြိုးပွဲရုံမှ သိရသည်။

"ယခုရက်ပိုင်းမှာတော့ သီးနှံအမျိုးအစားတော်တော်များပေါ်နေပါပြီ။ ကျွန်မတို့ပွဲရုံမှာတော့ အဝင်များတဲ့ သီးနှံကတော့ပဲတီစိမ်း၊ အထွက်တိုးပြောင်းနှင့် ရေစကြိုစမုံနက်နှမ်းတို့ဖြစ်ပါတယ်"ဟု ပွဲရုံမှ ဒေါ်မိုးမိုးသူက ပြောသည်။

ယခုနှစ်စတွင်လည်း ယခင်နှစ်ကဲ့သို့ သီးနှံဈေးနှုန်းမပြောင်းလဲဘဲဖြစ်နေသောကြောင့် တောင်သူမျှော်မှန်းဈေးမရောက်သေးကြောင်းလည်း သိရသည်။

"ဒီနှစ်သီးနှံပေါ်စပေါက်ဈေးတွေကလည်း ကျွန်တော်တို့မျှော်မှန်းထားသလိုဖြစ်မလာဘဲ ယခင်နှစ်ကဈေးနှုန်းနဲ့သိပ်မကွာဘူးဖြစ်နေတယ်။ ပဲတီစိမ်းဆိုရင် ငွေကျပ် ၃၅၀၀၀၊ ယောစမုံနက်နှမ်းဆိုရင် အနိမ့်ဆုံးငွေကျပ် ၅၀၀၀၀၊ အထွက်တိုးပြောင်းဆိုရင် ငွေကျပ် ၁၀၀၀၀ နဲ့အထက်လောက်မှန်းထားတာပေါ့။ ဒါပေမယ့် ဒီနှစ်ဈေးနှုန်းကလည်း မတက်ဘဲ မနှစ်ကဈေးနှုန်းတွေအတိုင်းဖြစ်နေတယ်။ ကျွန်တော်တို့တောင်သူတွေအနေနဲ့ ဒီနှစ်မှာ သီးနှံဈေးနှုန်းက မတက်ပေမယ့် ထွန်ယက်ခ၊ မျိုး၊ ဓာတ်မြေသြဇာ၊ အလုပ်သမားစရိတ်တွေ မနှစ်ကထက်ဈေးပိုပေးပြီး စိုက်ပျိုးခဲ့ရတာဆိုတော့ အကျိုးအမြတ်သိပ် မကိုက်ဘူး"ဟု နှမ်းရောင်းလာသူ တောင်သူတစ်ဦးကပြောသည်။

ရေစကြိုမြို့နယ်တွင် ယခုအခါမိုးစိုက်သီးနှံများလှိုင်လှိုင်ပေါ်လျက်ရှိပြီး မကြာမီဆောင်းစိုက်သီးနှံများလည်းပေါ်တော့မည်ဖြစ်၍ ဈေးကောင်းရရန်တောင်သူများက မျှော်လင့်လျက်ရှိကြောင်းသိရသည်။

**ဖေထွဋ်ဇော်(ရေစကြို)**

# မြန်မာနိုင်ငံလှူငယ်မူဝါဒ ရေးဆွဲနိုင်ရေးအတွက် ကယားပြည်နယ်လူငယ်ကိုယ်စားလှယ် ရွေးချယ်

**လွိုင်ကော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲနိုင်ရေးအတွက် ကယားပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့် လူငယ်အသံပါဝင်နိုင်ရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက လူငယ် မူဝါဒနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ကိုယ်စားလှယ်များက လူငယ်ကိုယ်စားလှယ်ရွေးချယ်မှု လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် အသီးသီးမှ လူငယ်ကိုယ်စားလှယ် ၃၀၀ က မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲနိုင်ရေးအတွက် လူငယ်မူဝါဒတွင် ပါဝင်ရမည့် အချက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက ဦးဆောင်၍ အုပ်စုအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာကြသော လူငယ်များက လူငယ်ကိုယ်စားလှယ်ကိုးဦးကို ဦးစွာရွေးချယ်ကြပြီး လူငယ်များ၏ ဆန္ဒအရ ရွေးချယ်ထားသော လူငယ်ကိုယ်စားလှယ်ကိုးဦးက ၎င်းတို့ အချင်းချင်းအပြန်အလှန် မဲပေးရွေးချယ်ကြကာ လူငယ်ကိုယ်စားလှယ် သုံးဦးကို အတည်ပြု ရွေးချယ်ခဲ့ကြသည်။

မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲနိုင်ရေးအတွက် ကယားပြည်နယ် လူငယ်ကိုယ်စားလှယ်အဖြစ် ခွန်အုံးကျော်၊ ခွန်းကိုရီနှင့် မနှင်းနုဝေ တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

*စာမျက်နှာ (၁၆) မှ*

အဲ့သည်တုန်းက ထိုဆိုင်မှာမကြာခဏထိုင်ဖြစ်သည်။ စာရေးချင်သော သို့မဟုတ် စာရေးစဖြစ်သော လူငယ်တစ်ယောက်အဖို့ လူမှုဘဝကိုလေ့လာလိုစိတ်ပြင်းပြနေမှုကြောင့်ဖြစ်၏။ ရင်တလှပ်လှပ်၊ အသည်းတဖိုဖို။

ထိုလက်ဖက်ရည်ဆိုင်မှာ ထိုင်ခုံသီးသန့်မရှိ။ အနားကဈေးဆိုင်ခန်း အလွတ်များသည် နံပါတ် ၁ စားပွဲ၊ နံပါတ် ၂ စားပွဲများဖြစ်သည်။ ရွှေတချောင်းမြောင်းနံ့ပုပ်အဲ့အဲ့။ ခြင်တဝီဝီအမှောင်ရိပ်၊ ခနော်ခနဲ့ဆိုင်ခန်းကြမ်းခင်းမှာထိုင်ရင်း ရေနွေးတစ်အိုးပြီးတစ်အိုး။ ထိုဆိုင်မှ အိမ်ပြန်ဖြစ်တော့ ပုံမှန်ည၌နာရီပြန်တစ်ချက်။

အခုတော့သည်နေရာတွင် ထိုလက်ဖက်ရည်ဆိုင်မရှိတော့။ ကြာပါပြီ။

ထိုရွှေတြိဂံဒေသမှာ တခြားစိတ်ဝင်စားစရာနေရာတစ်နေရာလည်းရှိ၏။ ခန်းမ ၂ နှင့်ရွှေတချောင်းကြားက ပြန်ကြားရေးစာကြည့်ခန်းလေးဖျက်သိမ်းပြီး ခန်းမ ၃အဖြစ်တိုးချဲ့သောအခါပြန်ကြားရေးစာကြည့်ခန်းက မန္တလေးသတင်းထောက်အသင်းသည် မျက်စောင်းထိုး အဆောက်အအုံလေး(ယခုဈေးချိုမီးသတ်)အပေါ်ထပ်ရောက်သွား၏။ ထိုအပေါ်ထပ်မှ တစ်ခါတစ်ရံနဖူးပြောင်ပြောင်၊ တိုက်ပုံအင်္ကျီနှင့် လွယ်အိတ်လွယ်ထားသူတစ်ဦးတစ်လေဆင်းလာတတ် သို့မဟုတ်တက်သွားတတ်သည်။ ဟံသာဝတီသတင်းစာခေတ်ကောင်းစဉ် ကာလမို့ သတင်းထောက်ဘယ်သူလဲ၊ စာရေးဆရာဘယ်သူလဲဟု သိချင်စိတ်ဖြင့်စောင်းငဲ့ကြည့်ဖူး၏။

ယခုပြန်လည်စဉ်းစားမိတော့ အများဆုံးတွေ့ဖူးနေတာက ဒီနေ့အထိအရေးသွက်၊ အတွေးသွက်နေတဲ့ ကျွန်တော်တို့ဆရာကြီးနတ်မောက်(ဦး)ထွန်းရှိန်ပေပဲဟု မှတ်မိတော့သည်။ ဟိုစဉ်တုန်းက ၂၆ လက်မမောင်ဗမာမိန်းမစီးအပြာရောင်လေးနှင့်။ အခုလည်းဆရာနတ်မောက်ကား စက်ဘီးကိုခုံမင်ဆဲ။ ရွှေတြိဂံဒေသနှင့် သတင်းထောက်ရုံးခန်းကား လိုက်ဖက်လှပေစွ။

၂၆ ဘီလမ်းတောင်ဘက်၊ ရွှေတချောင်းအနောက်ဘက်မှာ ပလက်ဖောင်းကြီးခင်းပြီးဆိုင်ခန်းတွေ နေရာမချခင်က မန်ကျည်းပင်ကြီးများ အစီအရီရှိသည်။ ထိုနေရာကား အမှတ် ၉ မတ္တရာကားဂိတ်ဖြစ်၏။ မြောင်းကူးတံတားလေးက ကျော်တော့ ရွှေတချောင်းအရှေ့ဘက် မှာက'စံတော်သစ်'လက်ဖက်ရည်ဆိုင်ရှိသည်။ ကျွန်တော်တို့မသိမီခဲ့သောကာလက စံတော်သစ်မှာမန္တလေးစာရေးဆရာများ ထိုင်တတ်ကြသည်ဆိုသည်။ စာပေသမားများသာမကထုတ်ဝေသူ၊ စာပေဖြန့်ချိရေးသမားများ အပြင် အငြိမ့်၊ ဇာတ်၊ ဆိုင်းနှင့် မြို့မတီးဝိုင်းမှ ပညာရှင်များလည်း အမြဲမပြတ်ရှိသည်ဆို၏။

မန္တလေးအနုပညာအသိုက်အဝန်းမှ ပုဂ္ဂိုလ်တစ်ယောက်ကိုရှာဖွေလိုသော ညှော်သည်သည်စံတော်သစ်မှာပင်ကိစ္စအားလုံးပြီးသွားပေမည်။ ထိုခေတ်က မန္တလေးလေထန်ကုန်း၊ ထိုအချိန်ကတော့ ရွှေတချောင်းက မြေသားမြောင်းကြီးပဲဖြစ်မှာပေ့ါ။

အခုလိုကွန်ကရစ်အုတ်မြောင်းကြီးမဟုတ်သေး။

သို့သော် မြောင်းရေကတော့ ထိုစဉ်ကလည်း နောက်ကျိပုပ်သိုး။

ယခုတော့ ထိုစဉ်ကရွှေတြိဂံနေရာ၊ သတင်းထောက်ရုံးခန်းနေရာနှင့် စံတော်သစ်လက်ဖက်ရည်ဆိုင်နေရာများကား အထပ်မြင့်ဈေးရုံ သစ်ကြီးအဖြစ်အသွင်ပြောင်းသွားချေပြီ။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာနွားလှည်းယဉ်ပြိုင်ပွဲ နွားလှည်း ၆၀ ခန့်ယှဉ်ပြိုင်



**မိတ္ထီလာ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ပန်းသွင်းကျေးရွာအနီး သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ပြီး အနော်ရထာမင်းကြီး တည်ထားပြုပြင်ခဲ့သည့် သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ နွားလှည်းယဉ်ပြိုင်ပွဲ၌ နွားလှည်းယဉ် ၆၀ ခန့် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်အား ဇန်နဝါရီ ၈ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယင်းပွဲတော်တွင် မြန်မာ့ရိုးရာနွားလှည်းယဉ်ပြိုင်ပွဲကို ဘုရားပွဲတော်ကာလအတွင်း ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်အထိ နှစ်စဉ်နှစ်တိုင်းထည့်သွင်းကျင်းပသည်။ အဆိုပါ နွားလှည်းယဉ်ပြိုင်ပွဲတွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်မြို့နယ်များအတွင်းရှိ ပန်းသွင်း၊ ပန်းတင်၊ ဒဟတ္တန်း၊ ဝါးရုံ ကန့်ဖြူ၊ သိမ်ကုန်း၊ ညောင်တို၊ အုတ်ဖို၊ ပေါက်တန်း၊ ဥသျှစ်ကုန်း၊ လှည်းပွဲ၊ အိုင်ကြီးလည် စသည့်ကျေးရွာများမှ နွားလှည်းယဉ် အစီး ၆၀ခန့်နှင့် ဗလာမောင်းပြိုင်ပွဲတွင် နွားကောင်ရေ ၄၀ ခန့်ပါဝင်ယှဉ်ပြိုင်ကြသည်။

သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်တွင် နွားလှည်းယဉ်ပြိုင်ပွဲအပြင်၊ ဘောလုံးပြိုင်ပွဲ၊ ဇာတ်ပွဲများကို ထည့်သွင်းကျင်းပပြီး တောင်သူလုပ်ငန်းသုံးပစ္စည်းများ ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို စျေးဆိုင်ကြီးငယ်များဖြင့် စည်ကားစွာဖွင့်လှစ်ရောင်းချသည့်အတွက် ရွာနီးပတ်ဝန်းကျင်ကျေးရွာများအပြင် သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်များမှ ဘုရားပွဲတော်လာသည့်သည်များဖြင့် ဘုရားပွဲတော်မှာ အထူးစည်ကားကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဖွင့်



**မြောင် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဇရပ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူမှုရေးဆိုင်ရာ သုတေသနအဖွဲ့(SSPRG)က ကြီးမှူး၍ လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကို ဇန်နဝါရီ ၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းက ယခုအချိန်သည် ဒီမိုကရေစီ အသွင်ကူးပြောင်းသည့်ကာလဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကို အခြေပြုထားရာ အုပ်ချုပ်သူအဖွဲ့အစည်းနှင့် ပြည်သူလူထု ညီညွတ်မှုရှိမှသာ မိမိတို့ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာများကို သင်ကြားမည်ဖြစ်၍ သင်တန်းဆရာများက ပို့ချသင်ကြားပေးသည့်အကြောင်းအရာများကို အလေးထားမှတ်သားကာ မိမိကျေးရွာပြန်ရောက်သည့်အခါ ပြန်လည်မျှဝေပေးခြင်းဖြင့် မိမိတို့ကျေးရွာ ပတ်ဝန်းကျင်ရှိ ကျေးရွာသူရွာသားများကိုလည်း အသိပညာတိုးပွားစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုရေးဆိုင်ရာသုတေသနအဖွဲ့ (SPPRG) မှ သင်တန်းနည်းပြက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသည် မြောင်မြို့နယ်အတွင်း ပထမဆုံး စတင်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ကြောင်း သိရသည်။

**တင်ကိုကို**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးကွင်းဆင်းပြုလုပ်ပေး



**ကန့်ဘလူ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကန့်ဘလူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၇ ရက်က နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော် က လိုက်လံကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်ကလည်း နိုင်ငံသားစိစစ်ရေးကတ်အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောခဲ့ကာ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့သည် ကန့်ဘလူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ထာဝရခန်းမ၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲသို့ တက်ရောက်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေးအပ်ရာတွင် နတ်ပေးကျေးရွာ အလက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၃ ဦးကိုလည်းကောင်း၊ အထက(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀ ကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း**
**(ကန့်ဘလူ)**

# ကျေးရွာချင်းဆက်မြေသားလမ်းသစ် ဖောက်လုပ်လျက်ရှိ

**ရေဦး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း မုံတိုင်ပင်ကျေးရွာမှ လှည်းသွင်းကျေးရွာကြား ဆက်သွယ်သွားလာနိုင်မည့် အရှည် ၅ မိုင်ရှိ ကျေးရွာချင်းဆက် မြေသားလမ်းသစ်ကို ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်၍ စက်ယန္တရားများ အသုံးပြုဖောက်လုပ်လျက်ရှိရာ ယခုအခါ လမ်းအရှည်နှစ်မိုင်ခန့် ဖောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၅ မိုင်၊ အကျယ် ပေ ၃၀ ရှိမည်ဖြစ်ပြီး ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၈၀ ဒသမ ၅၅ သန်းဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ လမ်းဖောက်လုပ်မှုအားလုံးပြီးစီးပါက ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာပေါင်း ၁၇ ရွာခန့်မှ ပြည်သူများအနေဖြင့် ဒေသတွင်းကျေးရွာအချင်းချင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရုံသာမက တန့်ဆည်မြို့သို့လည်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ ဒေသထွက်သီးနှံများကို စျေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည့် လမ်းဖြစ်ကြောင်း သိရသည်။



**သန်းထိုက်(ရေဦး)**

# ကြက်ခြေနီအသင်း ကျန်းမာရေးစီမံချက်ကို ကိုရီးယားကြက်ခြေနီအဖွဲ့ လာရောက်လေ့လာ

**မြိုင် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သင်းမကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကျန်းမာရေးဆိုင်ရာစီမံချက်လုပ်ငန်းဆောင်ရွက်ထားမှုများကို ကိုရီးယားနိုင်ငံသား ကြက်ခြေနီလူငယ် ၅၀ ပါ အဖွဲ့ ဇန်နဝါရီ ၇ ရက်က လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာဆုလဲ့မွန်နှင့်အဖွဲ့များ၊ ကိုရီးယားနိုင်ငံ ကြက်ခြေနီအဖွဲ့(Korea Redcross) မှ Ms. Shin Jaehee နှင့် ကိုရီးယားနိုင်ငံသား ကြက်ခြေနီလူငယ် ၅၀ ပါ အဖွဲ့များက တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးပထမတန်းအရာရှိ ဦးကျော်နိုင်ဦး၊ ပခုက္ကူခရိုင်ကြက်ခြေနီအသင်းမှ ဦးတင်ဝင်းနှင့် ဒေါက်တာ ဌေးလွင်၊ မြိုင်မြို့နယ်ကြက်ခြေနီအသင်းမှ ဒုတပ်ရင်းမှူး ဦးတင်မောင်လွင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကျန်းမာရေးဆိုင်ရာစီမံချက် လုပ်ငန်းဆောင်ရွက်ထားမှုများကို လေ့လာကြည့်ရှုပြီး ဆက်လက်၍ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျေးရွာကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား တွေ့ဆုံပွဲပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ကိုရီးယားအဖွဲ့ခေါင်းဆောင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားနိုင်ငံသား ကြက်ခြေနီလူငယ်များက ဒေသခံပြည်သူများအား လက်ဆေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသရုပ်ပြကာ ကျေးရွာ အလက(ခွဲ)မှ ကျောင်းသား ကျောင်းသူများအတွက် လက်ဆေးပြိုင်ပွဲကျင်းပပေးပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ပြည်သူများ မှုခင်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများတိုးတက်များပြားလာစေရန် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်က မြို့မဘောလုံးကွင်း၌ ပြည်သူ ၄၅၀ ခန့်နှင့် ၈ ရက်တွင် အထက(ဘုရင့်နောင်) ကျောင်းတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၁၅၀ ခန့်တို့ကို အသိပညာပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်မှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ရန်နိုင်ဦးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဓာတ်ပုံပြပွဲများ၊ နံရံကပ်စာစောင်များ၊ ဟောပြောပွဲများ၊ ပညာပေးဗီဒီယိုပြသခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချယ်လ်ဆီးတို့ လက်စတာကို ကျော်ဖြတ်မယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၁)

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဒီတစ်ပတ်ရဲ့ စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဇန်နဝါရီ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားပွဲစဉ်တွေ ကစားခဲ့ရလို့ ပွဲပန်းနေပေမယ့် အသင်းကြီးတွေအတွက်ရော အသင်းငယ်တွေအတွက်ပါ အမှတ်ပြည့်ရယူရေး အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာမှာမို့ ဒီပွဲစဉ်တွေဟာ အမှားအယွင်းမခံဘဲ အလေးထားကစားရမယ့်ပွဲအဖြစ် ကြည့်ရှုအားပေးကြရဦးမှာ ဖြစ်ပါတယ်။

### စပါးနှင့် ဝက်စ်ဘရွန်း

စပါးတို့က နိုင်ပွဲမှတ်တမ်းတင်ဖို့ ကြိုးစားနေတဲ့ချယ်လ်ဆီးကို နှစ်ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့ကာ အောင်နိုင်မှုစိတ်ဓာတ်တွေ ဆူဝေတဲ့အပြင် အက်ဖ်အေပွဲမှာလည်း ဗီလာကို နှစ်ဂိုးသွင်း အောင်ပွဲခံခဲ့တာကြောင့် ဝက်စ်ဘရွန်းအတွက် ခက်ခဲကြမ်းတမ်းမယ့်ပွဲပါပဲ။ ဝက်စ်ဘရွန်းတို့က ရလဒ်တွေမကောင်းမှုဆက်တိုက်ဖြစ်နေတဲ့အပြင် ဒါဘီအသင်းကို အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ခြေစွမ်းတည်ငြိမ်မှုမရှိတဲ့ ဝက်စ်ဘရွန်းဟာ ခြေစွမ်းပြနေတဲ့ စပါးကို သရေရဖို့တောင် ခက်ခဲပြီး စပါးရဲ့ထိန်းချုပ်ကစားမှုအောက်မှာ နစ်မြုပ်ရမယ့်အခြေအနေဖြစ်သွားပါလိမ့်မယ်။

### လက်စတာနှင့် ချယ်လ်ဆီး

စပါးကို ရှုံးခဲ့တဲ့ချယ်လ်ဆီးဟာ အက်ဖ်အေဖလားပွဲမှာတော့ ပီတာဘရော့အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရယူခဲ့ပြီး ပုံမှန်ခြေစွမ်းမယိမ်းယိုင်ကြောင်း ပြသနိုင်ခဲ့ပါတယ်။ ဒါပေမယ့်ပရီမီယာလိဂ် လက်ရှိချန်ပီယံ လက်စတာရဲ့အိမ်ကွင်းမှာ ကစားရမယ့် ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးတို့ ပေါ့ဆလို့ မရပါဘူး။ ဒါပေမယ့် လက်စတာရဲ့ခြေစွမ်းကလည်း အားရစရာမရှိအောင် လျော့ရဲနေတာမို့ ဒီပွဲမှာ ချယ်လ်ဆီးတို့ အမှတ်ပြည့်ရယူဖို့အား ထုတ်ပါလိမ့်မယ်။ ချယ်လ်ဆီးတို့ တိုက်စစ်ကို လက်စတာတို့ ခုခံရင်းနဲ့ အမှတ်မရဘဲ အရှုံးပေးရမယ့်ပွဲပါပဲ။




### ဆွမ်ဆီးနှင့် အာဆင်နယ်

ဆွမ်ဆီးနဲ့ ဆုံတိုင်း အာဆင်နယ်တို့ ပွဲကျပ်အဖြစ် ဆင်နွှဲခဲ့ရတာချည်းဖြစ်ပါတယ်။ ဆွမ်ဆီးဟာ အာဆင်နယ်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားလို့ အာစင်ဝင်းဂါးအတွက် ဗျူဟာ အပြောင်းအလဲလုပ်မှရပါလိမ့်မယ်။ ဆွမ်ဆီးနဲ့ အာဆင်နယ်တို့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ ဆွမ်ဆီးက သုံးပွဲနိုင်ပြီး အာဆင်နယ်က နှစ်ပွဲနိုင်ထားခဲ့ပါတယ်။ ဒါပေမယ့် အခုတလော ရလဒ်ကမောက်ကမဖြစ်နေတဲ့ ဆွမ်ဆီးဟာ အိမ်ကွင်းမှာကစားရပေမယ့် နိုင်ပွဲတွေရယူနေတဲ့ အာဆင်နယ်ကို ပွဲမချောင်နိုင်ပါဘူး။ ဒီပွဲဟာ တန်းဆင်းဇုန် ရုန်းကန်အားရှိနေတဲ့ ဆွမ်ဆီးကို အာဆင်နယ်တို့ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာဖြစ်ပါတယ်။

### ဘန်လေနှင့် ဆောက်သမ်တန်

ဒီနှစ်သင်းက အမှတ်လိုအပ်မှုပြင်းထန်နေတာချင်း တူညီနေတာမို့ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဘန်လေရဲ့တိုက်စစ်၊ ခံစစ်က အားရစရာမရှိတာမို့ ဆောက်သမ်တန်ရဲ့တိုက်စစ်မှူးတွေ ဂိုးသွင်းခြေမြူးရင်တော့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရနိုင်ပါတယ်။ ဆောက်သမ်တန်ဟာ ထိန်းချုပ်ရခက်တဲ့အသင်းဖြစ်ပြီး ဘန်လေကို အနိုင်ရရှိရေး ကြိုးစားမှာဖြစ်တာကြောင့် ခံစစ်မှူးတွေအမှားများမှုက ဘန်လေတို့ အမှတ်မရဘဲ ပွဲသိမ်းသွားနိုင်တဲ့ အနေအထားဖြစ်သွားနိုင်ပါတယ်။

### ဟားလ်စီးတီးနှင့် ဘုန်းမောက်

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဘုန်းမောက်တို့က ခြောက်ဂိုးအထိ သွင်းယူပြီး အောင်ပွဲခံထားပါတယ်။ ဟားလ်စီးတီးရဲ့ အားထုတ်မှုတွေကလည်း နိုင်ပွဲတွေနဲ့ ဝေးနေတာမို့ တန်းဆင်းဇုန်ထဲက ရုန်းထွက်နိုင်ဖို့မလွယ်တဲ့ အခြေအနေပါပဲ။ ဒါပေမယ့် အက်ဖ်အေဖလားပွဲမှာ ဆွမ်ဆီးလိုအသင်းကို နှစ်ဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့တဲ့ ခြေစွမ်းမျိုးရရင်ဘုန်းမောက်တို့ အသက်ရှူမှားစရာဖြစ်သွားပါလိမ့်မယ်။ ဒါပေမယ့် ဘုန်းမောက်တို့ကလည်း ခြေစွမ်းပိုင်းအတက်အကျရှိနေတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### ဝက်ဖို့ဒ်နှင့် မစ်ဒယ်ဘရော့

ဝက်ဖို့ဒ်ဟာ မစ်ဒယ်ဘရော့နဲ့တွေ့တိုင်း အသာစီးရတာများပါတယ်။ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့ရာမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်အောင် ကြိုးစားနိုင်ခဲ့တာမို့ အခုပွဲမှာလည်း အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းခြေစွမ်းပြနိုင်ပေမယ့် နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း ၁၀ ပွဲမှာ နိုင်ပွဲတစ်ပွဲမှမရခဲ့တာမို့ ဒီပွဲမှာ အမာခံကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်မှရပါလိမ့်မယ်။ ဝက်ဖို့ဒ်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း အက်ဖ်အေဖလားပွဲမှာ ဘူတန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တာမို့ ဒီပွဲမှာလည်း ကပ်ပြီးနိုင်ပွဲရသွားပါတယ်။

### ဝက်စ်ဟမ်းနှင့် ပဲလေ့စ်

ရလဒ်တွေမကောင်းတဲ့ ပဲလေ့စ်တို့လည်း တန်းဆင်းဇုန် ဖိအားတွေကြောင့် ဒီပွဲမှာ တိုက်စစ်ဖွင့်ကစားတော့မှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းတို့က ပဲလေ့စ်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ လက်ရှိခြေစွမ်းမှာလည်း ဝက်စ်ဟမ်းတို့က ပုံစံကောင်းတွေ ရရှိနေတာမို့ ဒီပွဲမှာ ဝက်စ်ဟမ်းတို့ ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

---

## ဂျွန်တယ်ရီရဲ့ အနီကတ်ကို ပယ်ဖျက်ဖို့ ကြိုးစားမယ်ဆိုတဲ့ ကွန်တီး

ချယ်လ်ဆီးနဲ့ ပီတာဘိုးရပ်စ်အသင်းတို့ဟာ အက်ဖ်အေဖလား တတိယဆင့်ပြိုင်ပွဲအဖြစ် ကစားခဲ့ရာမှာ ချယ်လ်ဆီးက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ ဒိုင်လူကြီး ကီဗင်ဖရန်နဲ့က ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွယ်တယ်ရီကို တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခဲ့ပါတယ်။ ဝါရင့်နောက်တန်းကစားသမားကြီးဂျွန်တယ်ရီက ပီတာဘိုးရပ်စ်တိုက်စစ်မှူး အင်ဂိုးကို ကြမ်းတမ်းစွာ ကစားခဲ့မှုနဲ့ အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်းဖြစ်ပါတယ်။ တယ်ရီဟာ အောက်တိုဘာလအတွင်း ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့တဲ့ လိဂ်ဖလားနောက်ပိုင်း ပထမဆုံး ပါဝင်ကစားရာမှာ အနီကတ်ပြထုတ်ပယ်ခံရခြင်းဖြစ်ပါတယ်။ ဒိုင်လူကြီး ကီဗင်ဖရန်နဲ့က တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ပါတယ်။ နည်းပြ ကွန်တီးကတော့ ဂျွန်တယ်ရီ အနီကတ်ပြခံရမှုအပေါ် မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ဒီအတွက် အက်ဖ်အေကို အယူခံသွားဖို့ ရှိနေပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလားနောက်တစ်ဆင့်ဖြစ်တဲ့ စတုတ္ထဆင့်ပြိုင်ပွဲ တက်ရောက်နိုင်ခဲ့ပါတယ်။

---

## ရှန်းနီရဲ့ ဂိုးသွင်းစံချိန်ကို အမီလိုက်မယ့် မားကတ်ရပ်ရှ်ဖို့ဒ်




တိုက်စစ်မှူး ရှန်းနီဟာ စနေနေ့က မန်ယူအတွက် ၂၄၉ ဂိုးမြောက် ဂိုးအဖြစ် စံချိန်တင်သွင်းယူခဲ့ပါတယ်။ ဆာဘော်ဘီချာလ်တန်နဲ့ ဖာဂူဆန်တို့ဟာ ရှန်းနီရဲ့ဂိုးသွင်းစံချိန်ကို ချီးကျူးပြောဆိုခဲ့ကြပါတယ်။ သို့ပေမယ့် နည်းပြမော်ရင်ဟိုကတော့ မားကတ်ရပ်ရှ်ဖို့ဒ်ဟာ ရှန်းနီရဲ့ ဂိုးသွင်းစံချိန်ကို အမီလိုက်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ မားကတ်ဟာ ရက်ဒင်းနဲ့ ကစားတဲ့ပွဲမှာ အနိုင်ဂိုး နှစ်ဂိုးသွင်းယူခဲ့ပါတယ်။ သို့ပေမယ့် မားကတ်ဟာ ၁၄ ပွဲ ကစားရာမှာ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ရက်ဒင်းနဲ့ ကစားတဲ့ပွဲမှာ ဂိုးစသွင်းခဲ့ပါတယ်။ ဒီပွဲမှာ မန်ယူက ရက်ဒင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ မားကတ်ရပ်ရှ်ဖို့ဒ်က အနိုင်ဂိုး နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒီအတွက် တိုက်စစ်မှူး မားကတ်အပေါ် နည်းပြမော်ရင်ဟိုက မျှော်လင့်ချက်များစွာ ထားနေတာပါ။ အနာဂတ်မှာ ရှန်းနီရဲ့ စံချိန်ကို အမီလိုက်လိမ့်မယ်လို့ ချီးကျူးပြောဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

---

## အိမ်ကွင်းမှာ အနိုင်ရမှု စံချိန်သစ်တင်တဲ့ ဂျူဗင်တပ်စ်




အီတလီ စီးရီးအေက ဂျူဗင်တပ်စ်အသင်းဟာ တုရင်မြို့မှာ ဘိုလော့နာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲဟာ စီးရီးအေမှာ အိမ်ကွင်းအနိုင်ရမှု စံချိန်သစ်တင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ၂၆ ပွဲဆက်တိုက် အိမ်ကွင်းအနိုင်ရမှုနဲ့ စံချိန်သစ်တင်ထားခဲ့ပါတယ်။ ဒီပွဲမှာ အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်က နှစ်ဂိုးသွင်းယူခဲ့တာပါ။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟီဂူအင်ဟာ စီးရီးအေမှာ ခြေစွမ်းပြကစားနေသူတစ်ဦး ဖြစ်ပါတယ်။

နာပိုလီတိုက်စစ်မှူးဟောင်း ဟီဂူအင်ဟာ လွန်ခဲ့တဲ့ ခြောက်ပွဲမှာ ခုနှစ်ဂိုးသွင်းယူထားပြီး စုစုပေါင်း ဒီနှစ်ထဲမှာ ၁၆ ဂိုးသွင်းယူထားပါတယ်။ စီးရီးအေပွဲစဉ် ၁၉ အပြီး ဂျူဗင်တပ်စ်က အမှတ်ပေးဇယားမှာ ၄၅ မှတ်နဲ့ ဦးဆောင်နေပါတယ်။ ရိုးမားကတော့ ဂျီနိုအာကိုနိုင်ပြီး ဂျူဗင်တပ်စ်နောက်မှ ကပ်လိုက်လာပါတယ်။ ဂျူဗင်တပ်စ်ဟာ စီးရီးအေမှာ ချန်ပီယံဖြစ်မယ့် ရေပန်းအစားဆုံးအသင်းလည်း ဖြစ်လာပါတယ်။

# စာကြည့်တိုက်နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုနည်းပညာ

**တက်စိုး(ယဉ်ကျေးမှုဗေဒ)**



မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် တက်လှမ်းဖို့ ကြိုးစားနေတဲ့အချိန်အခါ ဖြစ်ပါတယ်။ ပြည်သူလူထုကလည်း မျှော်လင့်ချက်များစွာနဲ့ မျှော်လင့်နေကြပါတယ်။ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် နည်းပညာမျိုးဆက်တွေရဲ့ ပြောင်းလဲမှုကိုသိရှိပြီး အသုံးချနိုင်ဖို့ လိုအပ်လာပါတယ်။

လူသားမျိုးဆက်တွေ ဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲမှုတွေကို သမိုင်းခေတ်တွေနဲ့ ကာလပိုင်းခြား မှတ်တမ်းတင်ကြပါတယ်၊ လေ့လာကြပါတယ်။ မြန်မာလူမျိုးတွေရဲ့ ပြောင်းလဲတိုးတက်မှုကို ခေတ်ကာလပိုင်းခြားတဲ့အခါ ပုဂံခေတ်၊ ပင်းယခေတ်၊ ညောင်ရမ်းခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် စသဖြင့် မင်းဆက်တွေ၊ မြို့တော်တွေကို အစွဲပြု သုံးစွဲကြပါတယ်။ ဥရောပကျတော့ နိုင်ငံအလိုက် မင်းဆက်တွေနဲ့ ပိုင်းခြားသလို ဥရောပတိုက်တစ်ခုလုံးနဲ့ ပြောတဲ့အခါ အမှောင်ခေတ်၊ ဉာဏ်သစ်အရေးတော်ပုံခေတ်၊ ဉာဏ်အလင်းခေတ်၊ စက်မှုခေတ်၊ အီလက်ထရွန်နစ်ခေတ်၊ သတင်းအချက်အလက်ခေတ် စသဖြင့် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု (နည်းပညာပြောင်းလဲမှု)ကို ပိုင်းခြားလေ့ရှိကြပါတယ်။

နည်းပညာပြောင်းလဲမှုဟာ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု ပြောင်းလဲတာဖြစ်ပါတယ်။ လူမှုပုံစံတွေလည်း ပြောင်းလဲစေပါတယ်။ ဒါကြောင့် နည်းပညာပြောင်းလဲမှု၊ နည်းပညာမျိုးဆက်တွေကို သတိထား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ (၂၀)ရာစု နှောင်းပိုင်းဟာ သတင်းအချက်အလက်ခေတ်လို့ ဆိုပါတယ်။ တစ်ကိုယ်ရေသုံး ကွန်ပျူတာကြောင့် ကမ္ဘာကြီးပြောင်းလဲလာသလို အင်တာနက်ကြောင့် သတင်းအချက်အလက်ခေတ်ကို ရောက်ရှိလာပါတယ်။ နည်းပညာများ ပြောင်းလဲတိုးတက်လာသလို နည်းပညာများ အဖွဲ့အစည်းများကို စီမံခန့်ခွဲတဲ့ ပညာရပ်ဟာလည်း ထိပ်တန်းရောက်လာပါတယ်။

သတင်း အချက်အလက်ခေတ်မှာ သတင်းအချက်အလက် စီမံခန့်ခွဲမှုပညာဟာ အရေးကြီးပါတယ်။ ပညာဘဏ်တိုက်လို့ခေါ်ကြတဲ့ စာကြည့်တိုက်များနဲ့တွဲဖက်ပြီး အရေးပါလာခဲ့ပါတယ်။ မူလက စာကြည့်တိုက်များကို သမားရိုးကျ စာကြည့်တိုက်လို့ခေါ်ဝေါ်ခဲ့ပါတယ်။ ပညာရပ်များ၊ ဗဟုသုတ၊ အတွေးအခေါ်များ ပါဝင်တဲ့ စာအုပ်များကို စနစ်တကျ သိမ်းဆည်းကာ ပြန်လည်ဖြန့်ဝေရာ ဌာနများ ဖြစ်ကြပါတယ်။ စာကြည့်တိုက်ရဲ့ ပထမမျိုးဆက်လို့ ဆိုရမှာပေါ့။ Traditional Library လို့ ခေါ်ပါတယ်။ နောက် အင်တာနက်ပေါ်လာတဲ့အခါ ဒုတိယမျိုးဆက် စာကြည့်တိုက်နှင့် သတင်း အချက်အလက်နည်းပညာ ဖြစ်လာပါတယ်။

စာအုပ်များနဲ့အတူ သတင်းအချက်အလက်တွေကို ပြန်လည်ဖြန့်ဝေခြင်း အားကောင်းလာပါတယ်။ တတိယမျိုးဆက်မှာတော့ သတင်းနှင့်အချက်အလက် စီမံခန့်ခွဲမှုပညာ (Information Management)က ရှေ့တန်းရောက်လာပါတယ်။ အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်များ ဖက်ဒရေးရှင်းရဲ့ ၂၀၀၇ ခုနှစ် ဂျာနယ်မှာ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ကျောင်းများဟာ သတင်းအချက်အလက် စီမံခန့်ခွဲမှုကျောင်းအဖြစ် အမည်ပြောင်းသွားတာ များပြားပါတယ်တဲ့။ ဒါကြောင့် သမားရိုးကျစာကြည့်တိုက်ပညာ ပြန့်ပွားအောင်ဆောင်ရွက်ဖို့ ဆွေးနွေးထားတာတွေ့ရပါတယ်။

စာကြည့်တိုက် ပထမမျိုးဆက်ရဲ့ လုပ်ငန်းက စာကြည့်တိုက်မှူးများဟာ စာပေဗဟုသုတကြွယ်ဝပြီး စာဖတ်သူတွေ သုတေသနပြုသူတွေကို လမ်းညွှန်ကူညီပါတယ်။ ဒုတိယမျိုးဆက်မှာတော့ သမားရိုးကျစာကြည့်တိုက်ပညာနဲ့ ကွန်ပျူတာပါဝင်လာကာ သတင်းအချက်အလက်တွေကို စီမံခန့်ခွဲလာပါတယ်။ တတိယမျိုးဆက် ရောက်ရှိလာတဲ့အခါ သတင်းအချက်အလက်နည်းပညာကို အသားပေးကာ စာကြည့်တိုက် ပညာဟာ ပညာရပ်ခွဲတစ်ခုအဖြစ် ပါဝင်လာပြန်ပါတယ်။ ဒါဟာ သမားရိုးကျ စာကြည့်တိုက်ပညာနဲ့ သတင်းအချက်အလက်ပညာ အားပြိုင်မှု ဖြစ်ပါတယ်။

တကယ်လက်တွေ့နယ်ပယ်မှာပြည်သူအများစုနဲ့ သုတေသနပြုသူအများစုအတွက် လိုအပ်ချက်က အချက်အလက်တွေပဲဖြစ်ပါတယ်။ စာပေသက်သက်ဖတ်ရှုတဲ့ အချိုးအစားက နည်းပါးပါတယ်။ ပြည်သူတွေရဲ့ သတင်းအချက်အလက်အသုံးချမှု စိတ်ပညာကို နားလည်ပြီး ကြိုတင်ပြင်ဆင်ဖို့ လိုအပ်လာပါတယ်။ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ သံတမန်ဆက်ဆံရေး မြန်မာနိုင်ငံနယ်စပ်ဒေသမှ တိုင်းရင်းသားများအကြောင်း စသည်တို့ကို မြန်မာနိုင်ငံ သတင်းအချက်အလက်စနစ်မှ ရှာဖွေကြည့်ရှုနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနယ်စပ် တိုင်းရင်းသားများအကြောင်းကို အိမ်နီးချင်းနိုင်ငံ သတင်းအချက်အလက်စနစ်မှ ရှာဖွေကြည့်ရှုနိုင်ကြပါတယ်။

နိုင်ငံအနှံ့ စာကြည့်တိုက်များဖွင့်လှစ်ခြင်းထက် ဗဟိုသတင်းအချက်အလက်ဌာနမှ အင်တာနက်အသုံးပြု သတင်းအချက်အလက်ဖြန့်ဝေခြင်းက ပိုမိုထိရောက်ပါတယ်။ စာကြည့်တိုက်ကြီးတွေမှာ သတင်းစာ၊ ဂျာနယ်၊ ပြန်တမ်းစတဲ့ အထောက်အထားအများအပြား သိုမှီးထားသဖြင့် သတင်းအချက်အလက်အဖြစ်ဖြန့်ဝေရန် အကောင်းဆုံးဌာနများဖြစ်ပါတယ်။ စာကြည့်တိုက် သဘောတရားတွင် သတင်းအချက်အလက် ပြန်လည်အသုံးချခြင်း ဆိုတာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ နည်းပညာမတိုးတက်မီက အညွှန်းကတ်များ၊ ကက်တလောက်များဖြင့်သာ ဆောင်ရွက်ခဲ့ရပြီး ကွန်ပျူတာ ပေါ်ပေါက်လာတဲ့အခါ ကွန်ပျူတာအထောက်အကူဖြင့် ပိုမိုလွယ်ကူလာပါတယ်။

တတိယမျိုးဆက်ကျတော့ သတင်းအချက်အလက် ပိုမိုမြန်ဆန်ဖို့ လူသားတွေရဲ့ လိုအပ်ချက်တွေကို ကြိုတင်သိရှိဖို့အတွက် သတင်းအချက်အလက်စီမံခန့်ခွဲမှုလို့ခေါ်တဲ့ ပညာရပ်ကို ချဲ့ထွင်လာကြတာဖြစ်ပါတယ်။ လူသားတွေရဲ့ စိတ်ပညာလိုအပ်ချက်များကို စနစ်တကျလေ့လာပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်လာတာဖြစ်ပါတယ်။ နိုင်ငံတကာစာကြည့်တိုက်များမှာ ခုမေးခုဖြေ (ask now)ဌာနများ ဖွင့်လှစ်ထားကြပါတယ်။ ချက်ချင်းဖြေဆိုရန် သတင်းစာ၊ စာအုပ် စသဖြင့် ပြန်လှန်ရှာဖွေနေပါက အချိန်ကြန့်ကြာနေမှာဖြစ်ပါတယ်။ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် တည်ဆောက်ထားပါမှ ချက်ချင်းတုံ့ပြန်နိုင်မှာဖြစ်ပါတယ်။ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ဟာ သုတေသနပြုသူများရဲ့ အချိန်နဲ့ ငွေကုန်ကြေးကျကို လျှော့ချနိုင်တယ်လို့ ဆိုထားပါတယ်။

စီမံခန့်ခွဲမှုပညာဟာ မျက်မှောက်ကာလအတွက် အဓိကကျတဲ့ ပညာရပ်နယ်ပယ်တစ်ခု ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ စီးပွားရေးစီမံခန့်ခွဲမှု စသဖြင့် ထင်ရှားပါတယ်။ သတင်းအချက်အလက်စီမံခန့်ခွဲမှု နည်းပညာဟာလည်း အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီအဖွဲ့အစည်း၊ ပြည်သူ့ဝန်ဆောင်မှု သုတေသန ကဏ္ဍများအတွက် အခရာကျတဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်၏ e-government တွင်လည်း သတင်းအချက်အလက် စီမံခန့်ခွဲမှုက အရေးပါဦးမှာဖြစ်ပါတယ်။ စာရေးသူအနေဖြင့် စာကြည့်တိုက်ပညာနယ်ပယ်က လေ့လာရသလောက် တင်ပြခြင်းဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာ အားကောင်းလာစေဖို့ တိုက်တွန်းတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ ။

**နိုင်ငံအနှံ့ စာကြည့်တိုက်များဖွင့်လှစ်ခြင်းထက် ဗဟိုသတင်းအချက်အလက်ဌာနမှ အင်တာနက်အသုံးပြု သတင်းအချက်အလက်ဖြန့်ဝေခြင်းက ပိုမိုထိရောက်ပါတယ်။ စာကြည့်တိုက်ကြီးတွေမှာ သတင်းစာ၊ ဂျာနယ်၊ ပြန်တမ်းစတဲ့ အထောက်အထားအများအပြား သိုမှီးထားသဖြင့် သတင်းအချက်အလက်အဖြစ်ဖြန့်ဝေရန် အကောင်းဆုံးဌာနများ ဖြစ်ပါတယ်။ စာကြည့်တိုက်သဘောတရားတွင် သတင်းအချက်အလက် ပြန်လည်အသုံးချခြင်းဆိုတာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ နည်းပညာမတိုးတက်မီက အညွှန်းကတ်များ၊ ကက်တလောက်များဖြင့်သာ ဆောင်ရွက်ခဲ့ရပြီး ကွန်ပျူတာပေါ်ပေါက်လာတဲ့အခါ ကွန်ပျူတာအထောက်အကူဖြင့် ပိုမိုလွယ်ကူလာပါတယ်**

## လူငါးဦးစီးနင်းလာသည့်ဆိုင်ကယ် မတော်တဆမှုဖြစ်

**တောင်ငူ ဇန်နဝါရီ ၁၀**

တောင်ငူမြို့မိုင်ဒါကွင်းအတွင်း၌ ဇန်နဝါရီ ၆ ရက် ညပိုင်းက ကျင်းပပြုလုပ်လျက်ရှိသည့် လွတ်လပ်ရေးပွဲတော်သို့ သွားရောက်လည်ပတ်ရန် တောင်ငူ-သံတောင် ကားလမ်းအတိုင်း လူငါးဦးစီးနင်းလိုက်ပါလိုက်လာသော ဆိုင်ကယ်တစ်စီးသည် ရှေ့မှယာဉ်ကို ကျော်တက်စဉ် တိုက်မိ၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်စီးနင်းလာသူများအနက် တစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ငူမြို့အမှတ်(၃)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်စိုးဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သက္ကယ်ကျင်းကျေးရွာနေ ရန်နိုင်စိုး (၂၁နှစ်) မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းသားများဖြစ်ကြသည့် မင်းဝေဦး(၂၁နှစ်)၊ ရဲအောင်(၁၈နှစ်)၊ ပိုင်ထွန်း(၁၆နှစ်)၊ စိုးသူ(၁၆နှစ်)တို့လိုက်ပါလာသည့် နံပါတ်မပါ ဆိုင်ကယ်သည် အဆိုပါနေရာ၌ ရှေ့မှသွားနေသည့် ဖောအမျိုးအစား ကားတစ်စီးကို ကျော်တက်စဉ် ပွတ်တိုက်မိကာ လဲကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသူများအနက် စိုးသူ(၁၆)နှစ်မှာ တောင်ငူဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ပြီး ကျန် လေးဦးမှာ(မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့ အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး တိမ်းရှောင်သွားသည့် ဖောကား မောင်းနှင်သူအား ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဆိုင်ကယ်နှစ်စီးတိုက်မိ၍ ပြင်းထန်စွာဒဏ်ရာရရှိ

**ဆားလင်းကြီး ဇန်နဝါရီ ၁၀**

ဆားလင်းကြီးမြို့နယ်အတွင်း ဆားလင်းကြီး-လည်ငေါက် ကားလမ်းနှင့် ပုသိမ်-မုံရွာ ကားလမ်းဆုံ၌ ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီခန့်က ဆိုင်ကယ်နှစ်စီး ကန့်လန့်ဖြတ်တိုက်မိမှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်ပေါ်ပါသူများမှာ ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပုသိမ်-မုံရွာ ကားလမ်းအတိုင်း မြောက်မှတောင်သို့ ပေါက်မြို့နယ် တောင်သူရေကျော်ကျေးရွာနေ ကိုဇော်ထွန်း မောင်းနှင်ပြီး နောက်မှ ကိုဝင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဆားလင်းကြီး-လည်ငေါက်လမ်းအတိုင်း အနောက်မှ အရှေ့သို့ စီးနင်းမောင်းနှင်လာသော ဆားလင်းကြီးမြို့နယ် မတောင့်တကျေးရွာနေ ဦးစောမောင် မောင်းနှင်ပြီး နောက်မှ ဒေါ်ခင်မေ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်တို့သည် ကားလမ်းဆုံနေရာ၌ ကန့်လန့်ဖြတ်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နှစ်စီးလုံးပေါ်တွင် စီးနင်းလာသူများမှာ ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဒဏ်ရာရသူများအား ဆားလင်းကြီးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြပြီး ထိုမှတစ်ဆင့် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်း၍ ဆက်လက်ကုသလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်နှစ်စီးမှ မောင်းနှင်သူများအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## အမြန်လမ်းပေါ်၌ လမ်းဘေးဘာရီယာများကို ယာဉ်တိုက်မှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၃၂၅/၅) နှင့် (၃၂၅/၆) အကြား၌ လမ်းဘေးတွင်ကာရံထားသော ဘာရီယာတုံးများကို ယာဉ်တစ်စီးက ဝင်တိုက်မှု ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးမှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းဝင်းညွန့် မောင်းနှင်လာသော တိုယိုတာဟိုင်းလပ်ယာဉ်သည် ရှေ့ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကာရံထားသော ဘာရီယာတုံးနှစ်တုံးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရရှမှု မရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းညွန့်အား ပြင်စီအမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ယာဉ်မတော်တဆမှုကျဆင်းစေရန် နည်းလမ်းရှာဖွေသင့်

**ရေတာရှည် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံအတွင်း ယာဉ်မျိုးစုံစီးရေ ပိုမိုများပြားလာသည့်နှင့်အမျှ ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသည့်ဖြစ်စဉ်များ နေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိရာ ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးအပါအဝင် လမ်းများပေါ်၌ နေ့စဉ်သွားလာလျက်ရှိသောယာဉ်များ မတော်တဆမှု လျော့နည်းစေရန်အတွက် နည်းလမ်းရှာဖွေကာ ဆောင်ရွက်သင့်ကြောင်း ဒေသခံအချို့က ပြောသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း အဓိကအကြောင်းအရင်းများတွင် ကားလမ်းနှင့်ထိစပ်လျက်ရှိသော မြို့ ကျေးရွာများ၌ ယာဉ်များက အရှိန်လျှော့၍ မမောင်းခြင်းကြောင့်နှင့် ဈေးဆိုင်များ၊ လူနေအိမ်များကို လမ်းနံဘေးသို့ တိုးချဲ့တည်ဆောက်ခြင်းများကြောင့်ဖြစ်ကြောင်း ဆွာမြို့ခံတစ်ဦးက ဆိုသည်။ “နေ့တိုင်း မြို့တွင်းလမ်းတွေကို ဖြတ်တဲ့အထဲမှာ ဆီသည်ဘောက်ဆာယာဉ်တွေနဲ့ နေပြည်တော်ကထွက်တဲ့ ခရီးသည်ယာဉ်လိုင်းတွေပဲ တရကြမ်းမောင်းကြတာ။ သူတို့က ခရီးသည်ရရှိရေး မောင်းကြတယ်။ ယာဉ်ပေါ်မှာ ခရီးသည်တွေပါတယ်။ အောက်မှာလည်း ဥဒဟိုသွားလာနေကြတဲ့ ပြည်သူတွေရှိကြတာကို ဂရုပြုစေချင်တာပါ”ဟု ၎င်းက ဆိုသည်။

ထို့အတူပင် ရေတာရှည်မြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုမှုတွင်ကျယ်လျက်ရှိသည့် ဆိုင်ကယ်ကယ်ရီများ၊ နောက်တွဲနှင့် ဘေးတွဲဆိုင်ကယ်များ ပိုမိုများပြားလာလျက်ရှိပြီး အဆိုပါယာဉ်များမှာ မြို့ပေါ်နှင့် ကျေးလက်လမ်းများအထိ နေ့စဉ်လိုလို ပြေးဆွဲလျက်ရှိရာတွင် အခြားသောယာဉ်များ သွားလာမှုကိုပါ အန္တရာယ်ဖြစ်ပေါ်စေခြင်းများ ရှိနေကြောင်းလည်း ၎င်းကပင် ဆက်လက် သုံးသပ်ပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**

# မြိတ်မြို့၌ ဦးမြတ်လေးပန်းခြံ ကလေးကစားကွင်းသစ် စတင်ဖွင့်လှစ်ထား

**မြိတ် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကလေးငယ်များ ကာယဗလနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် ပြည်သူများ၏ဆန္ဒအရ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် MFD ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ဦးမြတ်လေးပန်းခြံ ကလေးအားကစားကွင်းကို ဇန်နဝါရီ ၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဦးမြတ်လေးပန်းခြံ ကလေးအားကစားကွင်းသည် မြိတ်မြို့ ကန်ဖျားရပ်ကွက်တွင် တည်ရှိပြီး အလျား ပေ ၁၉၀၊ အနံ ပေ ၁၁၀ ကျယ်ဝန်းကာ ကစားကွင်းကို စုစုပေါင်း ကျပ် ၃၀၈ ဒသမ ၂ သိန်း အကုန်ကျခံ၍ တည်ဆောက်ထားကြောင်း မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ ကစားကွင်းအတွင်း၌ ကလေးအားကစားပစ္စည်း ၁၁ မျိုး၊ လူကြီးအားကစားပစ္စည်းလေးမျိုး စုစုပေါင်း အားကစားပစ္စည်း ၁၅ မျိုးကို တပ်ဆင်ထားရှိပေးထားကြောင်းနှင့် အဆိုပါ ကလေးကစားကွင်းကို နေ့စဉ် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးမြတ်လေးပန်းခြံ ကလေးအားကစားကွင်း ဖွင့်ပွဲတွင် ကစားကွင်းနှင့်ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက ရှင်းလင်းပြောကြားပြီး ကစားကွင်းတည်ရှိရာ ကန်ဖျားရပ်ကွက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ဦးမြတ်လေးပန်းခြံကလေးအားကစားကွင်းသစ် ဆိုင်းဘုတ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက်)**



# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ်တွင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဘားအံမြို့၌ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။




အစည်းအဝေးတွင် ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက UPDJC ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုဆွေးနွေးကာ ကရင်ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးမင်းရွှေက လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တက်ရောက်လာသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြပြီး ဆောင်ရွက်မည့်အစီအစဉ်များကို ပြန်လည်ညှိနှိုင်းခဲ့ကြကာ ကရင်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**မောင်စော(ပြန်/ဆက်)**

# ဓာတုကင်းလွတ်သီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တောင်သူများအား ပညာပေးသရုပ်ပြ

**မြို့သစ် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဒေသခံတောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာပေး သရုပ်ပြပွဲကို မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၉ ရက်က ပြုလုပ်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ကိုင်သူနှင့် စားသုံးသူများ ဓာတုအန္တရာယ်ကင်းရှင်းစေရေး၊ ထုတ်ကုန်သီးနှံများ အရည်အသွေးပြည့်ပြီး ဈေးကွက်ဝင်နိုင်ရေး၊ လယ်ယာသုံးသဘာဝမြေဆွေးနှင့် သဘာဝပိုးသတ်ဆေးများကို တောင်သူများကိုယ်တိုင် ထုတ်လုပ်သုံးစွဲနိုင်ခြင်းဖြင့် စိုက်ပျိုးရေးသွင်းအားစုစရိတ် လျော့နည်းလာစေရေး ရည်ရွယ်ချက်များဖြင့် သရုပ်ပြဆွေးနွေးပွဲကို မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



လယ်ယာသုံးသဘာဝမြေဆွေးပြုလုပ်နည်းကို ဒေသခံတောင်သူများအား လက်တွေ့ပြသစဉ်

သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့သစ်မြို့နယ်အတွင်းမှ တောင်သူ ၅၄ ဦး တက်ရောက်ခဲ့ကြကာ စိုက်ပျိုးရေးသရုပ်ပြပွဲတွင် တောင်သူများကိုယ်တိုင် လယ်ယာသုံးသွင်းအားစုများ ပြုလုပ်သုံးစွဲနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သရုပ်ပြပြီး ဒေသခံ တောင်သူများအား စိုက်ခင်းသုံး(EM)များ အခမဲ့ဖြန့်ဖြူးခဲ့သည်။

မြို့သစ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများကိုယ်တိုင် မြေဆွေးပြုလုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအသီးသီး၌ စိုက်ကွင်းအလိုက် တောင်သူများနှင့်အတူ စိုက်ပျိုးရေးဝန်ထမ်းများကပါ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက် များကိုလည်း ဆက်စပ်ဌာနများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ပြောကြားသည်။

မြို့သစ်မြို့နယ်တွင် သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောဧရိယာ ၁၁၈၆၀၉ ဧက၊ စိုက်ပျိုးနိုင်သောမြေဧရိယာ ၁၄၉၅၀၇ ဧက ရှိပြီး အစိုးရဆည်တမံငါးခုမှ ဆည်ရေသောက်စနစ်အရ ဒေသခံတောင်သူများအနေဖြင့် အဆိုပါ စိုက်ပျိုးမြေများ၌ မိုးစပါး၊ နွေစပါးနှင့် နွေနှမ်းသီးနှံများကို အဓိကထားကာ အခြားသီးနှံအမျိုးမျိုးကိုလည်း အနည်းငယ် စိုက်ပျိုးကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မှုခင်းပညာပေးယာဉ်ဖြင့် မြောင်းမြမြို့၌ လှည့်လည်ပြသ

**မြောင်းမြ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဒေသခံပြည်သူများအား မှုခင်းအသိပညာပေး ရွှေ့လျားပြခန်းမော်တော်ယာဉ်ဖြင့် မှုခင်းကျဆင်းရေး လှည့်လည်ပြသ ပညာပေးမှုများကို မြောင်းမြခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၉ ရက်က ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ ပြည်သူများ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်လာရေး စသည့် မှုခင်းဆိုင်ရာအကြောင်းအရာများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ လှည့်လည်ပညာပေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးညွန့်ဇော်က ပြောကြားသည်။

ရွှေ့လျားပြခန်းမော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေးမှုများကို (၃)လမ်းထိပ်မြသာယာဈေးရှေ့တွင်လည်းကောင်း၊ မြောင်းမြ အထက(၆) ကျောင်းရှေ့တွင်လည်းကောင်း အခြေပြု၍ ဆောင်ရွက်ခဲ့ကြပြီး ပြခန်းယာဉ်ပေါ်တွင် လူကုန်ကူးမှုအကြောင်းနှင့် လူကုန်ကူးခံရသူများ၏ ဓာတ်ပုံများ၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှု မရှိစေရန် ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးသုံးစွဲသူများနှင့် ရောင်းဝယ်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာကြသူများနှင့် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အသက်အန္တရာယ် ထိခိုက်ကာ အဖြစ်ဆိုးကြုံရသူများ စသည်ဖြင့် ဓာတ်ပုံ၊ ဗွီနိုင်းများကို ပြသထားပြီး ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဖြစ်စဉ်များကို ရှင်းလင်းပြောကြား အသိပညာပေးကာ ပြခန်းယာဉ်သို့ လာရောက်ကြည့်ရှုသော ပြည်သူများ ကျောင်းသားကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင်တွင် ၂၀၁၆ ခုနှစ်အတွင်း မုဒိမ်းမှု ၂၄ မှုဖြစ်ပွားခဲ့ရာ၌ သက်ငယ်မုဒိမ်းမှု ၁၄ မှု ပါဝင်ခဲ့ပြီး ယာဉ်တိုက်မှု ၂၀၀ ကျော်ဖြစ်ပွားသည့်အနက် မြောင်းမြမြို့နယ်အတွင်း၌ ယာဉ်တိုက်မှု ၈၃ မှုရှိကာ သေဆုံးသူ ၂၁ ဦး ရှိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**



## ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**မိုင်းယောင်း ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စုအတွင်းရှိ ဝမ်ပုံကျေးရွာနှင့် ဝမ်နားဖန်းကျေးရွာကြား ဆက်သွယ်သည့် ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဌာနမှတာဝန်ရှိသူများ၊ ဝမ်ဘိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ရှိသူများ ဇန်နဝါရီ ၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စိုင်းရှဲန်ရွက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် တစ်မိုင်ရှိပြီး လမ်းပြီးစီးပါက သွားလာရခက်ခဲသော ဝမ်ပုံ-နားဖန်းကျေးရွာများကြား ဆက်သွယ်ရေးကို လွယ်ကူအဆင်ပြေစေမည်ဖြစ်ကာ ဒေသထွက်ကုန်များကိုလည်း အလွယ်တကူ သယ်ယူရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်၍ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဝမ်ဘိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ)။

(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်)။

(၃) **ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု/အနုပညာ)များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၄) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ)။

(၅) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(၆) **ဥပဒေဘွဲ့**

(၇) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ ဝါဏိဇ္ဇ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ)။ စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ၊ အသုံးချစာရင်းအင်းပညာ၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)။

(၈) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ ဗိသုကာ)။

(၉) **တိရစ္ဆာန်ဆေးပညာဘွဲ့**

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

စမ်းချောင်းမြေ (၂) ဧကခန့်ပေါ်တွင် တည်ဆောက်ထားသော

# SGR ကွန်ဒို

VIEW ကောင်းသော 33 ခန်းရောင်းမည်



DEVELOPED BY

SANCHAUNG GARDEN
DEVELOPMENT GROUP

ဦးဆုံး (10) ခန်းကို
ပါကေး & AIR-CON
လက်ဆောင်

AFTER KEY

လစဉ် 10 သိန်း

လ 100 ငွေချေစနစ်

14,15.JAN.2017 (၂) ရက်ထဲ (104) ၊စမ်းချောင်းလမ်း၊တွင်ရောင်းချမည်။

Sanchaung Garden Residence AUG-2018 အခန်းအပ်

# RB News ဝက်ဆိုက်တွင်ပါရှိသည့် သတင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ မမှန်မကန် သတင်းထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာ(တောင်)အတွင်းသို့ ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် တပ်မတော်သားများ ဝင်ရောက်၍ ရွာသားများအား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်း၊ အမျိုးသမီးများအား ရိုက်နှက်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် လုယက်ခြင်းများပြုလုပ်ကာ အမျိုးသားခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဇန်နဝါရီ ၈ ရက် RB News Website ၌ ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာသို့သွားရောက်၍ ကျေးရွာတာဝန်ခံ၊ ရပ်မိ/ရပ်ဖများ၊ ရွာသူ/ရွာသားများနှင့်တွေ့ဆုံကာ သတင်းမှန်ကန်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးမေးမြန်းခြင်းများဆောင်ရွက်ခဲ့ရာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိကြောင်းနှင့် သတင်းရေးသားထုတ်လွှင့်မှုများမှာ မမှန်မကန်ရေးသားထုတ်လွှင့်မှုများသာဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် အဆိုပါ RB News Website သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းကလည်း ရွာသားများသေဆုံးမှုနှင့် နေအိမ်များမီးလောင်ဆုံးရှုံးမှု သတင်းများကို မမှန်မကန်ရေးသားထုတ်လွှင့်ခဲ့သဖြင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းမှန်ပြန်ကြားထုတ်ပြန်ခဲ့ရဖူးသည်။

တပ်မတော်အနေဖြင့် မောင်တောဒေသတွင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေနှင့်အညီ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အင်အားပြင်းထန်သော မြေငလျင်လှုပ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၄၃ မိနစ် ၄၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၈၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (Celebes Sea, Philippines) ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ခြေစမ်းပွဲကစားမည့် MNL All star အသင်းအား ၂၃ ဦးဖြင့် ဖွဲ့စည်း



MNL All star အသင်းတွင် ပါဝင်လာမည့် တိုက်စစ်မှူး အောင်သူ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၁၀**

ထိုင်းပရီမီယာလိဂ်ကလပ် ဆူရီရမ်ယူနိုက်တက်အသင်းနှင့် ရန်ပုံငွေခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည့် MNL All star အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

အဆိုပါ ရန်ပုံငွေခြေစမ်းပွဲကို ဇန်နဝါရီ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး MNL All star အသင်းကို နည်းပြချုပ်အဖြစ် ရီနေး (ရတနာပုံ) က ကိုင်တွယ်မည်ဖြစ်သည်။ MNL All star အသင်းတွင် **နည်းပြချုပ်** ရီနေး(ရတနာပုံ)၊ **လက်ထောက်နည်းပြများ**အဖြစ် ဦးမင်းထွန်းလင်း (ချင်းယူနိုက်တက်)၊ ဦးမြင့်ကို (ရတနာပုံ)၊ **ဂိုးနည်းပြ**အဖြစ် ဦးမျိုးကျော်အောင်(မကွေး)၊ **ကစားသမား**များအဖြစ် **ဂိုး**-ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင် (Southern)၊ မျိုးမင်းလတ် (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**- ဝီလျံ၊ သိန်းသန်းဝင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❒

## သေချာပေါက်ပြောနိုင်တာက ကာလရှည်မှာ တကယ့်ကိုဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာမယ်ဆိုတာပါပဲ

စာမျက်နှာ - ၆



ရန်ကုန်မြို့တွင်းပြေးဆွဲနေသော အများပိုင်ကုမ္ပဏီ၏ BRT ယာဉ်ကို တွေ့ရစဉ်



## မောတောင်ဒေသ၌ တောင်ကျချောင်းရေ ရုတ်တရက်ကြီးမြင့်မှုဖြစ်ပွား

စာ-၁၂

## မိုဆူးလ်၌ အီရတ်အင်အားစုများအရေးသာလျက်ရှိသော်လည်း အရပ်သားသေဆုံးမှုပိုမိုများလာ

စာ-၁၀



